ကြေးမုံ
The Mirror
၁၃၇၀ ပြည့်နှစ်၊ ဝါဆိုလပြည့်ကျော် ၁၃ ရက်၊ ဗုဒ္ဓဟူးနေ့ (30-7-2008) (၅၇၅၅)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မော်ရိုကိုနိုင်ငံ အမျိုးသားနေ့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဇူလိုင် ၃၀

၂၀၀၈ ခုနှစ် ဇူလိုင် ၃၀ ရက်တွင် ကျရောက်သော မော်ရိုကိုနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်- နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ မော်ရိုကိုနိုင်ငံ အကြီးအကဲ ဆဋ္ဌမမြောက် မိုဟာမက်ဘုရင်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ရန်ကုန်တိုင်း ဒဂုံမြို့သစ်မြို့နယ်များအတွင်း မိုးစပါးစိုက်ပျိုးမှုများ လှည့်လည်ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇူလိုင် ၂၉

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ရန်ကုန်တိုင်း ဒဂုံမြို့သစ်မြို့နယ်များ၌ မိုးစပါး စိုက်ပျိုးမှု အခြေအနေများကို ယနေ့မွန်းလွဲပိုင်းတွင် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်အတွင်း မိုးစပါးစိုက်ပျိုးမှုအခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိ ရွာသာကြီးဘူတာသို့ ရောက်ရှိရာ ဘူတာရှင်းလင်းဆောင်၌ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်က ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ရွာသာကြီးဘူတာပတ်ဝန်းကျင်ရှိ ရထားပို့ဆောင်ရေးဝန်ကြီးဌာနပိုင် မြေနေရာ အကျယ်အဝန်းနှင့် အဆောက်အအုံများ ဆောက်လုပ်အသုံးပြုထားမှုအခြေအနေ၊ မြေလွတ်ဧရိယာများနှင့် မြေလွတ်ဧရိယာများ၌ မိုးစပါး စိုက်ပျိုးနိုင်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်က ဒဂုံမြို့သစ် လေးမြို့နယ်အတွင်း မိုးစပါးစိုက်ပျိုးနိုင်သည့် မြေအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ရန်ကုန်တိုင်း၏ မိုးစပါးစိုက်ပျိုးနိုင်မှု အခြေအနေများကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ *

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိ ရွာသာကြီး ဘူတာပတ်ဝန်းကျင်၌ မိုးစပါးစိုက်ပျိုးထားမှုများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရား ဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

လမ်းလုပ်ငန်းသည် အစဉ်ပြုပြင်ထိန်းသိမ်းပြီး ဖိဖိစီးစီးဆောင်ရွက်မှ အောင်မြင်နိုင် စနစ်တကျဖြင့် မျက်ခြည်မပြတ်စောင့်ကြည့်ပြီး ပြုပြင်မှ လမ်းများ ရေရှည်ခိုင်ခံ့မည် နိုင်ငံတော်အပိုင်း၊ ဒေသအာဏာပိုင်များအပိုင်းမှ တတ်အားသရွေ့ ကူညီပံ့ပိုးပေးမည်

နေပြည်တော် ဇူလိုင် ၂၉

လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှုဗဟိုအဖွဲ့(၁/၂၀၀၈) ညှိနှိုင်းအစည်းအဝေးကို ယနေ့ညနေ ၅ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှုဗဟိုအဖွဲ့ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး တက်ရောက်၍ ဆွေးနွေးမှာကြားသည်။

ညှိနှိုင်းအစည်းအဝေးသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့်၊ ဗိုလ်ချုပ်မင်းအောင်လှိုင်၊ ဗိုလ်ချုပ်ကိုကို၊ ဗိုလ်ချုပ်သာအေးနှင့် ဗိုလ်ချုပ်ခင်ဇော်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှုဗဟိုအဖွဲ့ဝင်များဖြစ်ကြသော အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်မြို့တော်ဝန်၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မန္တလေးမြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ လမ်းပန်းဆက်သွယ်ရေး လုံခြုံချောမွေ့စေရေးလုပ်ငန်းကော်မတီဝင်များ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြည်နယ်နှင့်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ပုဂ္ဂလိက လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှုဗဟိုအဖွဲ့ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးက

စာမျက်နှာ ၉ ကော်လံ ၁ သို့ ▲

ကြေးမုံ The Mirror

၂၀-၇-၂၀၀၈
(ဗုဒ္ဓဟူးနေ့)

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး အရှိန်အဟုန်မြှင့် ပြည်သူတစ်ရပ်လုံး ဆက်လက်ပူးပေါင်းပါဝင်ဆောင်ရွက်

ကမ္ဘာပေါ်တွင် မူးယစ်ဆေးဝါးထုတ်လုပ်ရောင်းဝယ်နေမှုများ ပေါ်ပေါက်လျက်ရှိရာ ဘိန်း၊ ဘိန်းဖြူ၊ ဘိန်းဆီ၊ ဆေးခြောက်စသည့် မူးယစ်ဆေးဝါးများနှင့်အတူ ဓာတုပစ္စည်းများကို အခြေခံပြီး သိပ္ပံနည်းအရ ဖော်စပ်ထုတ်လုပ်ထားသည့် ATS ဆေးပြား၊ Ketamine၊ ICE၊ Ecstasy စသော စိတ်ကြွရူးသွပ်ဆေးပြားများလည်း ကမ္ဘာနှင့်အဝန်း စိမ့်ဝင်ပျံ့နှံ့သုံးစွဲလျက်ရှိသည်ကို တွေ့ရသည်။

အချို့နိုင်ငံများ၌ စိတ်ကြွရူးသွပ်ဆေး အလွန်အကျွံ သုံးစွဲသူအများစုသည် စိတ်ဖောက်ပြန်မှုများဖြစ်ပေါ်လာပြီး ဆိုးဆိုးရွားရွား မှုခင်းများကိုပင် ကျူးလွန်တတ်ကြကြောင်း တွေ့မြင်ကြားသိနေရသည်။ နိုင်ငံတကာတွင် ဆယ်ကျော်သက်လူငယ်များအကြား ဖြစ်ပေါ်နေသော မှုခင်းကြီးများသည် စိတ်ကြွရူးသွပ်ဆေးဝါး သုံးစွဲမှုများနှင့် ဆက်စပ်နေသည်ကို တွေ့ရသည်။

အထူးသဖြင့် ကမ္ဘာတစ်ဝန်းရှိ လူငယ်လူရွယ်များအတွင်း စိတ်ကြွရူးသွပ်ဆေးဝါးများ အသွင်သဏ္ဌာန် အမျိုးမျိုးဖြင့် ပျံ့နှံ့သုံးစွဲလျက်ရှိရာ ယင်းဆေးဝါးများ၏ ခြိမ်းခြောက်မှုအန္တရာယ်မှာ ယနေ့တိုင်ကြီးမားနေဆဲဖြစ်သည်။ ထို့ကြောင့် လူငယ်ထုအကြား ယင်းမူးယစ်ဆေးဝါးများ၏ အန္တရာယ်ဆိုးကျိုးနှင့်စပ်လျဉ်း၍ အသိပညာပေးမှုများ၊ ဆွေးနွေးမှုများကို ကျယ်ကျယ်ပြန့်ပြန့် ဆက်လက်ဆောင်ရွက်ကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးပပျောက်ရေး(၁၅)နှစ်စီမံကိန်းကို ၁၉၉၉ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ စီမံကိန်းကာလသတ်မှတ်၍ နည်းလမ်းအသွယ်သွယ်ဖြင့် ဖော်ဆောင်လျက်ရှိရာ နိုင်ငံတော်နှင့်အတူ တိုင်းရင်းသား ပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်မှုကြောင့် အောင်မြင်မှုများရရှိနေသည်။ ထိုနည်းတူ နိုင်ငံတကာအဖွဲ့အစည်းများ၊ အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် လက်တွဲပူးပေါင်း၍ မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်မှုတားဆီးနှိမ်နင်းရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ယခုနှစ် ဇွန်လအတွင်းက တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အကောက်ခွန်ဦးစီးဌာနတို့၏ ကြိုးပမ်းမှုဖြင့် မူးယစ်ဆေးဝါးအမှုပေါင်း ၁၉၂ မှုကို ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ပြီး တရားခံများအား ဥပဒေအရ အရေးယူခဲ့ကြောင်း သိရသည်။

မူးယစ်ဆေးဝါးများသည် လူသားများနှင့် လူမှုပတ်ဝန်းကျင်ကို အန္တရာယ်ပြု ခြိမ်းခြောက်နေဆဲဖြစ်ရာ စိတ်ကြွရူးသွပ်ဆေးပြားများ အပါအဝင် မူးယစ်ဆေးဝါးအန္တရာယ်တားဆီးနှိမ်နင်း တိုက်ဖျက်ရေး လုပ်ငန်းများကို နိုင်ငံတော်အစိုးရနှင့်အတူ ပြည်သူတစ်ရပ်လုံးက ဆက်လက်၍ ပူးပေါင်းပါဝင် အရှိန်အဟုန်မြှင့်ဆောင်ရွက်ကြခြင်းဖြင့် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးလုပ်ငန်းများ ပိုမိုအောင်မြင်မှု ရရှိလာမည်ဖြစ်ပါသည်။ ။

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့ အမှတ်(၂)ရပ်ကွက်ဘုရားလမ်းရှိ မိုးကုတ်ဝိပဿနာတရားစဉ်နှင့် လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့ခွဲအမှတ်(၄၀၆)ဓမ္မရိပ်သာကြီး၌ ခရမ်းမြို့အမှတ် (၄) ရပ်ကွက် ကြာသပတေးလမ်းနေ ဦးမြင့်လှိုင် - ဒေါ်သင်းသင်းစီမိသားစုတို့က ငွေကျပ်သိန်း၅၀ တန်ဖိုးရှိ အဆောက်အအုံများ ဆောက်လုပ်လှူဒါန်းခြင်းနှင့် (၆)ကြိမ်မြောက် ဆွမ်းဆက်ကပ်လှူဒါန်းရာ အဖွဲ့ခွဲဥက္ကဋ္ဌ ဗိုလ်မှူးကျော်ဆွေဝင်း(ငြိမ်း)က ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်စဉ်။ (သတင်းစဉ်)

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

နေပြည်တော် ဇူလိုင် ၂၉

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဇူလိုင် ၂၇ ရက် နံနက် ၈ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ကျင်းပရာ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်က ညှိနှိုင်းအစည်းအဝေးပြုလုပ်ရခြင်း ရည်ရွယ်ချက်၊ ပေးအပ်ထားသော ရည်မှန်းချက်တာဝန်များကို စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် အောင်မြင်ပြီးမြောက်အောင် ဆောင်ရွက်ကြရေး အကျယ်တဝင့်မှာကြားသည်။

ထို့နောက် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ ဌာနအလိုက် ညွှန်ကြားရေးမှူးများနှင့် ရုံးခွဲတာဝန်ခံအရာရှိများက လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဌေးအောင်က လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ဖြည့်စွက်တင်ပြသည်။

ဆက်လက်၍ မြန်မာ့ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းမှ လုပ်ငန်းတာဝန်ခံအရာရှိများက မိမိတို့ဌာန အသီးသီး၏ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး မြန်မာ့ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးလှဌေးက လုပ်ငန်းဆောင်ရွက်နိုင်မှု အခြေအနေများကို ဖြည့်စွက်တင်ပြသည်။

ဆက်လက်၍ ရုံးအဖွဲ့မှူးက ဝန်ကြီးဌာန၏ ရည်မှန်းချက်တာဝန်၊ ရှေ့လုပ်ငန်းစဉ်များနှင့်လုပ်ငန်းတာဝန် ဆောင်ရွက်နိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အေးမြင့်ကြူက ဆွေးနွေးတင်ပြချက်များအပေါ် သုံးသပ်ဆွေးနွေးပြီး ဝန်ကြီးက ဖြည့်ဆည်းမှာကြားကာ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ အစည်းအဝေးအပြီးတွင် ဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့သည်လုပ်ငန်းခွဲအလိုက် တာဝန်ရှိသူများအားဘွဲ့ထူး၊ ဂုဏ်ထူးဆု၊ လုပ်ငန်းစွမ်းဆောင်ရည်ဆု၊ပညာရည်ထူးချွန်ဆု (ဂုဏ်ထူးဆု)၊ ပညာသင်ထောက်ပံ့ကြေးဆုများကို ပေးအပ်ချီးမြှင့်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အမှာစကား ပြောကြား

ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စိုးနိုင် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ကသာခရိုင်အသင်း(ရန်ကုန်)ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇူလိုင် ၂၉

ကသာခရိုင်အသင်း(ရန်ကုန်)ဝါဆိုသင်္ကန်းကပ်လှူပွဲကို ဩဂုတ် ၃ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် သင်္ဃန်းကျွန်းမြို့နယ် မိချောင်းကန်အပိုင်း(၁) ဝေဇယန္တာဥယျာဉ် ၁ လမ်း ဇေယျာသီရိကျောင်းတိုက်၌ ဆက်ကပ်လှူဒါန်းမည်ဖြစ်သည်။ ကသာခရိုင်အတွင်း မြို့နယ်ခုနစ်မြို့နယ်မှ အသင်းသူ၊ အသင်းသားများ ကြွရောက်ဆက်ကပ်လှူဒါန်းနိုင်ကြောင်းနှင့် ဝါဆိုသင်္ကန်းနှင့်အလှူငွေများကို ဦးညွန့်ဦး ဖုန်း-၀၁-၅၇၃၇၂၈၊ဦးရွှေမိုး ဖုန်း-၀၁-၆၄၂၄၆၄၊ဦးမောင်ကိုဖုန်း-၀၁-၅၆၀၉၈၁၊ ဒေါ်ညွန့်ညွန့်ရွှေ ဖုန်း-၀၁-၆၆၃၆၄၁၊ ဦးအောင်ဝင်း ဖုန်း-၀၉-၅၁၁၀၇၃၅နှင့် နီးစပ်ရာ အလုပ်အမှုဆောင်များထံသို့ ကြိုတင်အကြောင်းကြား လှူဒါန်းနိုင်ကြောင်းသိရသည်။ (ကြေးမုံ)

မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၉

သတင်းအချက်အလက်နှင့်ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း (MCPA) က ကြီးမှူး၍ ဩဂုတ်၂ ရက် (စနေနေ့) မွန်းလွဲ ၁ နာရီမှညနေ ၃ နာရီအထိ ရန်ကုန်မြို့ လှိုင်မြို့နယ် မြန်မာအင်ဖိုတက်ခ်အခန်း(၂၀၅)တွင်မြန်မာနိုင်ငံ ကွန်ပျူတာ ပညာရှင်အသင်း တွဲဖက်အတွင်းရေးမှူး ဦးရဲရင့်ဝင်းက ဂျပန်နိုင်ငံ အပါအဝင် နိုင်ငံပေါင်းခုနစ်နိုင်ငံမှ အသိအမှတ်ပြုမည့် ITကျွမ်းကျင်မှုဆိုင်ရာ အရည်အချင်းစစ်စာမေးပွဲ ITPEC ခေါင်းစဉ်ဖြင့် ဆွေးနွေးဟောပြောမည် ဖြစ်သည်။

ထို့ပြင် ITPEC Exam တွင် မေးမြန်းမည့် Course Syllabus ရရှိနိုင်မည့် အကျိုးကျေးဇူး၊ အလုပ်အကိုင် အခွင့်အလမ်းများကိုလည်း ကျယ်ကျယ်ပြန့်ပြန့် ပြည့်ပြည့်စုံစုံ ဆွေးနွေးပေးသွားမည် ဖြစ်သည်။

ယင်းအလုပ်ရုံဆွေးနွေးပွဲသို့ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းဝင်များ၊ ကွန်ပျူတာပညာလေ့လာနေသူများနှင့် စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက် ဆွေးနွေးနိုင်သည်။ အသေးစိတ်သိရှိလိုပါက မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင် အသင်းရုံးခန်း အဆောင်(၄) အခန်း(၄) ဖုန်းနံပါတ်-၆၅၂၂၇၆သို့ ဆက်သွယ်စုံစမ်းနိုင်သည်။ (သတင်းစဉ်)

မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် လေဘေးအလှူငွေပေးအပ်ပွဲ

ရန်ကုန် ဇူလိုင် ၂၉

ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းအတွင်းရှိ မုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွား၍ အဖွဲ့ချုပ်သို့ အစီရင်ခံထားသည့် မိုးကုတ်ဝိပဿနာဓမ္မရိပ်သာအဖွဲ့ခွဲများသို့ မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် မတည်ငွေ၊ အဖွဲ့ခွဲအသီးသီးက ထည့်ဝင်ငွေ၊ မိုးကုတ်ယောဂီများနှင့် စေတနာရှင်များမှ လှူဒါန်းငွေများကို အဖွဲ့ချုပ်နာယကဆရာတော်ကြီးများ၊အလှူရှင်များ၊အဖွဲ့ချုပ်အမှုဆောင်များက မုန်တိုင်းဒဏ်ခံရသော အဖွဲ့ခွဲကိုယ်စားလှယ်များအား ဩဂုတ် ၂ ရက် နံနက် ၉နာရီတွင် မိုးကုတ်ဝိပဿနာတရားစဉ်နှင့် လုပ်ငန်းစဉ်ပြန့်ပွားရေးအဖွဲ့ချုပ် အမှတ် (၈၂) နတ်မောက်လမ်း ဗဟန်း ရန်ကုန်မြို့တွင် ရေစက်ချလှူဒါန်းမည်ဖြစ်ပါ၍ အဖွဲ့ခွဲကိုယ်စားလှယ်များအား နံနက် ၈ နာရီ အရောက်ကြွရောက်ကြပါရန် အကြောင်းကြားစာများ ပေးပို့ထားပြီဖြစ်ကြောင်းနှင့် အလှူရှင်များလည်း အချိန်မီကြွရောက်ကြပါရန် နှိုးဆော်ထားကြောင်း သိရသည်။ (ကြေးမုံ)

ပြင်သစ်နိုင်ငံ ပါရီမြို့၊ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီးဖြစ်မြောက်ရေးအတွက် ရန်ကုန်မြို့ တာမွေမြို့နယ် ကျောက်မြောင်းဈေးလမ်းနေ ဦးတင်ညွန့်-ဒေါ်သိန်းရွှေ၊ သမီး မအေးမီညွန့် မွေးနေ့အလှူအဖြစ် ငွေကျပ် တစ်သိန်းကို အတွင်းရေးမှူး ဦးစိုးမြတ်အောင်ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည်နှင့် ဇနီး ဒေါ်သက်သက်ဆွေတို့ အလုပ်သမားဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏ တတိယအကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲတွင် ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (အလုပ်သမား)

အလုပ်သမားဝန်ကြီးဌာန တတိယအကြိမ် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ ကျင်းပ

နေပြည်တော် ဇူလိုင် ၂၉

အလုပ်သမားဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏ တတိယအကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၂၈ ရက် နံနက် ၉ နာရီတွင် နေပြည်တော်ပျဉ်းမနား သပြေတောင်တောရကျောင်းတိုက်၌ ကျင်းပရာ သပြေတောင်ကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တဇာဂရ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည်နှင့် ဇနီးဒေါ်သက်သက်ဆွေ၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်တင်ထွန်းအောင်နှင့် ဇနီးဒေါ်ခင်သက်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းမိသားစုများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ ဆရာတော် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တဇာဂရထံမှ ရှစ်ပါးသီလ ခံယူဆောက်တည်ကြပြီး ဝန်ကြီး ဦးအောင်ကြည်နှင့် ဇနီး ဒေါ်သက်သက်ဆွေ၊ ဒုတိယဝန်ကြီးနှင့်ဇနီး၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဝန်ထမ်းမိသားစုများက ဆရာတော်၊ သံဃာတော်များထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။၏

ယင်းနောက် သပြေတောင်ကျောင်းတိုက် တိုက်အုပ်ဆရာတော် ဘဒ္ဒန္တစန္ဒာသီရိထံမှ အနုမောဒနာတရား နာယူကြကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြပြီး ဝန်ကြီး၊ ဇနီးနှင့် ပရိသတ်များက ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဝန်ထမ်းမိသားစုများ၏ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၂၉

ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေး အဖွဲ့ ဝန်ထမ်းမိသားစုများ၏ ဝါဆို သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၂၈ ရက် နံနက် ၉ နာရီခွဲတွင် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ (ရန်ကုန်ရုံးခွဲ)၌ ကျင်းပရာ ရွှေပြည်သာမြို့နယ် သီရိမင်္ဂလာ ပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တသုမန နှင့် သံဃာတော်များ ကြွရောက်တော်မူကြပြီး ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်၊ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့၊ အဖွဲ့ဝင်များနှင့် ဇနီးများ၊ ဦးစီးဌာန များနှင့် တက္ကသိုလ်များမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ပါမောက္ခချုပ်များ၊ ဌာနဆိုင်ရာမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် ဝန်ထမ်းမိသားစုများ တက်ရောက်ကြည်ညိုကြသည်။

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဝန်ထမ်းမိသားစုများ၏ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲတွင် ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ရှေးဦးစွာ သီရိမင်္ဂလာ ပရိယတ္တိစာသင်တိုက်ဆရာတော် ဘဒ္ဒန္တသုမနထံမှ ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များက ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူကြသည်။

ရေစက်သွန်းချအမျှပေးဝေ

ထို့နောက် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့် ဇနီးများ၊ တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုများကို ဆက်ကပ်လှူဒါန်းကြပြီး ဆရာတော် ဘဒ္ဒန္တသုမနထံမှ ရေစက်ချ အနုမောဒနာတရားနာယူကြကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ယင်းနောက် ဆရာတော်၊ သံဃာတော်များအားဝန်ထမ်းမိသားစုများက နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

(၁၆) ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်(၄)ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားမှု ပိုမိုတိုးတက် ဖြစ်ထွန်းစေရေး။

၃။ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို အခြေခံသည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရေး။

၄။ အမျိုးသားယဉ်ကျေးမှု၊ စရိုက်လက္ခဏာများကို ဆက်လက်သယ်ပိုး ထိန်းသိမ်းစောင့်ရှောက်မည့် မျိုးဆက်သစ်များ ပေါ်ထွန်းရေး။

ပြည်တွင်းအခွန်များဦးစီးဌာန ဝါဆိုသင်္ကန်းကပ်လှူ

ရန်ကုန် ဇူလိုင် ၂၉

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ ဝန်ကြီး ဗိုလ်ချုပ်လှထွန်းနှင့် ဇနီး ဒေါ်ခင်သန်းဝင်းတို့အား အမှူးထား၍ ပြည်တွင်းအခွန်များဦးစီးဌာန မိသားစုများ၏ (၂၈) ကြိမ်မြောက် ဝါဆိုသင်္ကန်း ကပ်လှူပူဇော်ပွဲကို ဇူလိုင် ၂၆ ရက်က ရွှေတိဂုံစေတီတော် မြောက်ဘက်မုခ်ရှိ ပြည်တွင်းအခွန်များဦးစီးဌာနမှော်ရုံ၌ကျင်းပရာ ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဆန်းထွန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြပြီး **(ယာပုံ)** လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြကာ ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ် လှူဒါန်းခဲ့ကြသည်။ **(ကြေးမုံ)**

အမှတ်(၃)အခြေခံပညာဦးစီးဌာန ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၂၉

အမှတ်(၃)အခြေခံပညာဦးစီးဌာန အဌမအကြိမ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ဇူလိုင် ၂၈ ရက်က ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ ပညာရေးမှော်ရုံ၌ကျင်းပရာ အမှတ်(၃) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကြူ၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်နှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ မြို့နယ်ပညာရေးမှူးများ၊ အခြေခံပညာကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများနှင့် ပညာရေးဝန်ထမ်းမိသားစုများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းသံဃနာယကအဖွဲ့ဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုဒ္ဒိဗလထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ညွှန်ကြားရေးမှူးချုပ် ဦးအေးကြူနှင့် ဇနီး၊ အခမ်းအနား တက်ရောက်သူများက ဆရာတော်၊ သံဃာတော်များထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ **(ဝဲပုံ)**

အခမ်းအနားအပြီးတွင် ဆရာတော်၊ သံဃာတော်များအား အခမ်းအနားတက်ရောက်သူများက နေ့ဆွမ်းနှင့် ခဲဖွယ်ဘောဇဉ်များ ဆက်ကပ်လှူဒါန်းကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အုတ်ဖိုမြို့နယ်တွင် ဆွမ်းဆန်စိမ်းလောင်းလှူ

ရန်ကုန် ဇူလိုင် ၂၉

ပဲခူးတိုင်း(အနောက်ပိုင်း) သာယာဝတီခရိုင် အုတ်ဖိုမြို့၌ ဇူလိုင် ၁၇ ရက်(ဝါဆိုလပြည့်နေ့) နံနက်အရုဏ်တွင် အုတ်ဖိုမြို့ပေါ်ရှိ သံဃာအားလုံးအားပင့်ဖိတ်၍ အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းပြီးနောက် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အုတ်ဖိုမြို့နယ်အသင်း (ရန်ကုန်) နှင့် ရန်ကုန်ထရန်စဖော်မာကုမ္ပဏီတို့မှပါဝင်ကာ စည်ကားသိုက်မြိုက်စွာ ကျင်းပလှူဒါန်းခဲ့သည်။ အရန်မီးသတ်တပ်ဖွဲ့ရုံးတွင် ဘုရားအနေကဇာတင် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သမထဝိပဿနာ ဓမ္မဒါန အထူးတရားပွဲ

ရန်ကုန် ဇူလိုင် ၂၉

ရန်ကုန်တိုင်း တာမွေမြို့နယ် နတ်ချောင်းရပ်ကွက် ဓမ္မသုခ ပရိယတ္တိစာသင်တိုက်၌ ၁၃၇၀ပြည့်နှစ် ဝါဆိုလကွယ်နေ့ (ဩဂုတ် ၁ ရက်) သောကြာနေ့တွင် နံနက်၁၀နာရီမှ ၁၁နာရီထိ တစ်ကြိမ်၊ မွန်းလွဲ၁နာရီမှ ၂နာရီအထိ တစ်ကြိမ်၊ ကျောင်းတိုက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တသုဇာတ (သိရိပဝရ ဓမ္မာစရိယ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)နှင့် သဒ္ဓမ္မသံဃိက နိဗ္ဗာန်ဆုကျောင်းဒါယကာ ပန်းချီဆရာကြီး ဦးလွန်းကြွယ်တို့က သမထဝိပဿနာ ဓမ္မဒါန အထူးတရားပွဲကို ဟောပြောပြသမည်ဖြစ်သဖြင့် ဓမ္မယောဂီသူတော်စင်များ ကြွရောက်နာယူနိုင်ကြရန် ကျောင်းတိုက်သာသနရက္ခိတအဖွဲ့က နှိုးဆော်ထားကြောင်း သိရသည်။ (ကြေးမုံ)

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်၊ ဇနီးနှင့် ဧည့်ပရိသတ်များ ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနီယအသံမစဲမဟာပဋ္ဌာန်းပူဇော်ပွဲ ဖွင့်ပွဲတွင် ဆရာတော်ထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြစဉ်။ (သတင်းစဉ်)

ရွှေတိဂုံစေတီတော်မြတ်ကြီး အသံမစဲ မဟာပဋ္ဌာန်းပူဇော်ပွဲ တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့်ဇနီး တက်ရောက်ကြည်ညို

ရန်ကုန် ဇူလိုင် ၂၉

ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနီယ အသံမစဲမဟာပဋ္ဌာန်းပူဇော်ပွဲဖွင့်ပွဲကို ယနေ့နံနက်၇နာရီခွဲတွင် စေတီတော်မြတ်ကြီး၏မြောက်ဘက်မုခ်ထီးတော်ရုံ တန်ဆောင်း၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့်ဇနီး ဒေါ်ကြင်မြိုင် တက်ရောက်ကြည်ညို၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

အစီအစဉ်အရ ရန်ကုန်တိုင်းသံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဘဒ္ဒန္တ ကုဒ္ဒိဗလ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ၊ တိုင်းမှူး၊ ဇနီးနှင့်ဧည့်ပရိသတ်များက နမောတဿ သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကိုဖွင့်လှစ်ပြီး ဆရာတော် ဘဒ္ဒန္တနန္ဒဝံသက ရောင်ခြည်တော်ဖွင့် ဘုရားပင့်ဂါထာတော်ကို ရွတ်ဖတ်ပူဇော်သည်။

ထို့နောက် ရန်ကုန်တိုင်း သံဃနာယကအဖွဲ့ဝင် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘဒ္ဒန္တဂုဏာလင်္ကာရက ပဋ္ဌာနပကဂုဏဝန္ဒနာ ပဋ္ဌာန်းရှိခိုး ဂါထာတော်ကို ရွတ်ဖတ်ပူဇော်၍ ရန်ကုန်တိုင်း သံဃနာယကအဖွဲ့ဥက္ကဋ္ဌထံမှ တိုင်းမှူး၊ ဇနီးနှင့်ဧည့်ပရိသတ်များက ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ဆရာတော်၊ သံဃာတော်များအား တိုင်းမှူး၊ ဇနီးနှင့် ဧည့်ပရိသတ်များကလှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း၍ ရန်ကုန်တိုင်း သံဃနာယကအဖွဲ့ဝင်မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တနရိန္ဒက ပဋ္ဌာန်းတရားနာကြားရန်အတွက် နတ်ပြဟ္မာများအားပင့်ဖိတ်၍ ရန်ကုန်တိုင်း သံဃနာယကအဖွဲ့ အကျိုးတော်ဆောင်ဆရာတော် ဘဒ္ဒန္တကုဏ္ဍလက ပဋ္ဌာန်းဒေသနာတော်ရွတ်ဖတ်ရန် တိုက်တွန်းနှိုးဆော်လွှာကိုရွတ်ဖတ်ပူဇော်၍ဆရာတော်၊ သံဃာတော်များက အသံမစဲမဟာပဋ္ဌာန်း ရွတ်ဆိုပူဇော်ကြသည်။

ရွှေတိဂုံ စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနီယ အသံမစဲ မဟာပဋ္ဌာန်း ပူဇော်ပွဲကို ဩဂုတ်၁ရက်အထိကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

Myanmar's Leading Hotel ဆုကို ဆီဒိုးနားဟိုတယ်(ရန်ကုန်)က ရရှိ

ရန်ကုန် ဇူလိုင် ၂၉

ကမ္ဘာတစ်ဝန်းရှိ ခရီးသွားအေးဂျင့်များ၏ရွေးချယ်မှုဖြင့် ၂၀၀၈ခုနှစ် World Travel Awards ကမ္ဘာ့ခရီးသွားဆု တစ်ဆုဖြစ်သော Myanmar's Leading Hotel ဆုကို ဆီဒိုးနားဟိုတယ်(ရန်ကုန်)က ရရှိသည်။

ယင်းဆုအတွက် လျာထားသော ဆန်ခါတင် ဟိုတယ်များ စာရင်းတွင် ဆီဒိုးနားဟိုတယ် (မန္တလေး) လည်း ပါဝင်သည်။ထို့ပြင် အင်ဒိုနီးရှားနိုင်ငံအတွက် Indonesia's Leading Resort ဆုကိုလည်း အင်ဒိုနီးရှားနိုင်ငံ ဟိုတယ်ဆီဒိုးနားမနာဒိုက ထပ်မံရရှိ ပြန်ရာယင်းဟိုတယ်များ၏ ပင်မအဖွဲ့အစည်းဖြစ်သော Sedona Hotel International အတွက် ဆုများကို "နှစ်ထပ်ကွမ်း" ရရှိသွားခြင်း ဖြစ်သည်။

ဆီဒိုးနားဟိုတယ် (ရန်ကုန်) ကို ၁၉၉၆ခုနှစ်က စတင်ဖွင့်လှစ်ခဲ့သည်။ မကြာသေးမီက ကျင်းပပြီးစီးခဲ့သည့် အာဆီယံနိုင်ငံများနှင့် ကမ္ဘာ့ကုလသမဂ္ဂတို့ပူးပေါင်းကျင်းပသော UN International Pledging Conference ကို လက်ခံကျင်းပရန် ရွေးချယ်ခံခဲ့ရသော ဟိုတယ်ကြီးလည်း ဖြစ်သည်။

Myanmar's Leading Hotel အတွက် ဆန်ခါတင်လျာထားရာတွင် ပါဝင်ခဲ့သော ဆီဒိုးနားဟိုတယ် (မန္တလေး) မှာ ၁၉၉၇ခုနှစ်ကဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ တည်းခိုသူဧည့်သည်များ အထူးနှစ်သက် ကျေနပ်ကြပြီး မြနန်းစံကျော် ရွှေနန်းတော်နှင့် မန္တလေးတောင်အနီး မန္တလေးမြို့လယ်၌ တည်ရှိသည်။

ဆီဒိုးနားဟိုတယ် (ရန်ကုန်) ၏ အထွေထွေမန်နေဂျာ Mr. Saman Sarathchandra

ယခု ရရှိခဲ့သည် Myanmar's Leading Hotel ဆုနှင့် စပ်လျဉ်း၍ The Wall Street Journal က ခရီးသွားလုပ်ငန်းအတွက် ဤဆုသည် အော်စကာဆုနှင့်ညီမျှသည်။ ခရီးသွားလုပ်ငန်းတွင် World Travel Awards သည်အကြီးမားဆုံး၊ ဂုဏ်ယူဖွယ်ရာအကောင်းဆုံး ဆုတစ်ခုပင်ဖြစ်သည်။ ဤဆုသည် ကမ္ဘာ့ခရီးသွားလုပ်ငန်းအတွက် အမြင့်ဆုံးဆုဖြစ်ပြီး ဤဆုကိုရွေးချယ်နိုင်ရန် ကမ္ဘာတစ်ဝန်းမှ ခရီးသွားလုပ်ငန်းများ၊ ခရီးသွားကိုယ်စားလှယ် အဖွဲ့များ၊ သယ်ယူပို့ဆောင်ရေး ကုမ္ပဏီများ စုစုပေါင်း ၁၆၇၀၀၀ ကျော်မှ ခရီးသွားကျွမ်းကျင် ပုဂ္ဂိုလ်များက ဝိုင်းဝန်းအကဲဖြတ် ဆန္ဒပြုခဲ့ခြင်းဖြစ်သည်ဟု ဂုဏ်ပြုဖော်ပြခဲ့သည်။

ယခုကဲ့သို့ ဆုများကိုရရှိခဲ့သည့် ဆီဒိုးနားဟိုတယ်များ၏ ပင်မအဖွဲ့အစည်းဖြစ်သော Sedona Hotel International ကို ၁၉၉၄ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး အင်ဒိုနီးရှား၊ မြန်မာ၊ စင်ကာပူနှင့် ဗီယက်နမ်နိုင်ငံများ၌ ဆီဒိုးနားဟိုတယ်နှင့် Resort များ ဖွင့်လှစ်၍ အခန်းပေါင်း ၁၂၀၀ ကျော်ဖြင့် အောင်မြင်စွာ လုပ်ကိုင်လျက်ရှိသည်။ ဆီဒိုးနားဟိုတယ်အုပ်စုတွင်အဆင့်မြင့်ဟိုတယ်များ၊ Facility စုံလင်စွာပါဝင်သော Resort ဟိုတယ်များ၊ ပရိဘောဂအပြည့်အစုံပါဝင်သော Serviced Apartment များနှင့် Corporate Residences များပါဝင်သည်။ (သတင်းစဉ်)

ဆီဒိုးနားဟိုတယ် (ရန်ကုန်)

သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းအေးနှင့် ပရိသတ်များ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဝန်ထမ်းမိသားစုများ၏ ကောဒသမအကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲတွင် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြစဉ်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း မိသားစု ကောဒသမအကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၂၉

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ဇနီး ဒေါ်ကြည်ကြည်ဝင်းတို့အား အမှူးထား၍ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဝန်ထမ်းမိသားစုများ၏ ကောဒသမအကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက်၉နာရီခွဲတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ ဒဂုံပရိယတ္တိစာသင်တိုက်၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ ဒဂုံပရိယတ္တိစာသင်တိုက် ပဓာန နာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဂုဏာနန္ဒ အမှူးပြုသော ဆရာတော်သံဃာတော်များ ကြွရောက်တော်မူကြပြီး သတင်းနှင့်စာနယ်ဇင်း လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းအေး၊ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌများ၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ စာတည်းမှူးချုပ်များ၊ စာတည်းမှူးများ၊ မန်နေဂျာများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဝန်ထမ်းမိသားစုများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ကြပြီး ဒဂုံပရိယတ္တိစာသင်တိုက်ပဓာန နာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တ ဂုဏာနန္ဒထံမှ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်းနှင့်ဇနီး၊ ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် ဆရာတော်၊သံဃာတော်များကပရိတ်တရားတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည်။

ဆက်လက်၍ ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်းနှင့်ဇနီး၊ ပရိသတ်များက ဆရာတော်၊ သံဃာတော်များထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဒဂုံပရိယတ္တိစာသင်တိုက် ပဓာန နာယကဆရာတော်ထံမှ ဦးဆောင်ညွှန်ကြားရေးမှူး၊ ဇနီးနှင့် ပရိသတ်များက သာဓုအနုမောဒနာ တရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြကာ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ပရိသတ်များက ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။ (သတင်းစဉ်)

✧ ကျောဖုံးမှ

ဆက်လက်၍ လေ့လာရေးအဖွဲ့ဝင်များသည် လပွတ္တာမြို့နယ် ပြင်စလူမြို့သို့ ရဟတ်ယာဉ်များဖြင့် ရောက်ရှိကြပြီး ယာယီရှင်းလင်းဆောင်၌ လေ့လာရေးအဖွဲ့ဝင်များအား ပြင်စလူမြို့ အုပ်ချုပ်ရေးမှူး ဦးဇော်မင်းထွန်းက ပြင်စလူမြို့ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ဆောက်လုပ်ပြီး နေအိမ်များ၌ လေဘေးသင့်ပြည်သူများအား နေရာချထားပြီးစီးမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး လေ့လာရေးအဖွဲ့ဝင်များ၏ သိလိုသည်များကို ပြန်လည်ဖြေကြားသည်။

ယင်းနောက် လေ့လာရေးအဖွဲ့ဝင်များသည် ဆောက်လုပ်ပြီးနေအိမ်များ၌ လေဘေးသင့်ပြည်သူများအား နေရာချထားပေးမှုကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ထို့နောက် လေ့လာရေးအဖွဲ့ဝင်များသည် ရဟတ်ယာဉ်ပေါ်မှ လယ်မြေများထွန်ယက်စိုက်ပျိုးပြီးစီးမှုနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုလေ့လာကြပြီး ဆက်လက်ထွက်ခွာလာကြရာ ပြင်စလူမြို့ သိပ္ပံကုန်းကြီးကျေးရွာသို့ ရောက်ရှိကြသည်။

ယင်းနောက် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ လေ့လာရေးအဖွဲ့ဝင်များအား ကျေးရွာမှ တာဝန်ရှိသူများက ကျေးရွာပြန်လည်တည်ဆောက်ပြီးစီးမှုနှင့် လယ်မြေများထွန်ယက်စိုက်ပျိုးပြီးစီးမှု အခြေအနေတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် လေ့လာရေးအဖွဲ့ဝင်များသည် သိပ္ပံကုန်းကြီးကျေးရွာတွဲဖက်အခြေခံပညာအထက်တန်းကျောင်းသို့ရောက်ရှိကြပြီး ကျောင်းသား ကျောင်းသူများ စာပေသင်ကြားနေမှုနှင့် အပြည်ပြည်ဆိုင်ရာ လူမှုရေးအဖွဲ့အစည်း တစ်ခုဖြစ်သည့် ADRAက ကျောင်းသူလေးများအတွက် တစ်ကိုယ်ရေသန့်ရှင်းရေးသုံးပစ္စည်းများပေးအပ်လှူဒါန်းနေမှုကိုလည်းကောင်း၊ ADRAက လှူဒါန်းသည့် ရေသန့်စင်စက်ကိုလည်းကောင်း ကြည့်ရှု လေ့လာကြပြီး ရဟတ်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာလာကြရာ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့သို့ ရောက်ရှိကြသည်။

အလားတူ လေ့လာရေးအဖွဲ့(၂)သည် ဘိုကလေးမြို့သို့ နံနက် ၉ နာရီတွင် ရဟတ်ယာဉ် နှစ်စင်းဖြင့် ရောက်ရှိကြပြီး လေဘေးကယ်ဆယ်ရေးကွပ်ကဲမှုရုံး၌ ဘိုကလေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစိုးသိန်းက မုန်တိုင်းဒဏ်ကြောင့် မြို့နယ်အတွင်းပျက်စီးဆုံးရှုံးခဲ့ရမှု၊ ကယ်ဆယ်ရေးနှင့် နေရာချထားရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ထောက်ပံ့ရေးပစ္စည်းများ ရရှိထောက်ပံ့နိုင်မှုနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းပြောကြားပြီး လေ့လာရေးအဖွဲ့ဝင်များ၏ သိရှိလိုသည်များကို ပြန်လည်ဖြေကြားသည်။

ယင်းနောက် လေ့လာရေးအဖွဲ့ဝင်များသည် ဘိုကလေးမြို့ ပြည်သူ့ဆေးရုံရှိ ပြင်ပလူနာဌာနနှင့် လူနာဆောင်များ၌ ကျန်းမာရေးဝန်ကြီးဌာနမှ အထူးကု ဆရာဝန်ကြီးများအဖွဲ့နှင့် ပြည်သူ့ကျန်းမာရေးအဖွဲ့တို့က လူနာများအား ဆေးဝါးကုသပေးနေမှုများကိုလည်းကောင်း၊ ဘိုကလေးမြို့အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသား ကျောင်းသူများ ပညာသင်ယူနေမှုကိုလည်းကောင်း၊မြို့တွင်းရှိအဆောက်အအုံများ ပြန်လည်တည်ဆောက်ထားမှုနှင့် မြို့ဖွံ့ဖြိုးတိုးတက်မှု အခြေအနေတို့ကိုလည်းကောင်း လှည့်လည်ကြည့်ရှု လေ့လာကြသည်။

ထိုမှတစ်ဆင့် လေ့လာရေးအဖွဲ့ဝင်များသည် ဘိုကလေးမြို့နယ် ကြိမ်ချောင်းကြီးကျေးရွာသို့ ရဟတ်ယာဉ်များဖြင့် ရောက်ရှိကြပြီး နိုင်ငံတော်အစိုးရကစနစ်တကျအကွက်ချတည်ဆောက်ပေးထားသော ကြိမ်ချောင်းကြီးစံပြကျေးရွာသစ်ရှိ လူနေအိမ်များ၌ လေဘေးသင့်မိသားစုအလိုက် နေထိုင်နေမှုများကို လိုက်လံကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ဆက်လက်၍လေ့လာရေးအဖွဲ့ဝင်များသည် ဘိုကလေးမြို့နယ် စက်ဆန်းကျေးရွာသို့ ရဟတ်ယာဉ်များဖြင့် ရောက်ရှိကြပြီး နိုင်ငံတော်အစိုးရက အကွက်ချတည်ဆောက်ပေးထားသော လူနေအိမ်များ၌ လေဘေးသင့် မိသားစုများ စနစ်တကျ နေထိုင်နေမှုတို့ကို လိုက်လံကြည့်ရှုလေ့လာကြသည်။

ထို့နောက်လေ့လာရေးအဖွဲ့ဝင်များသည် စက်ဆန်းကျေးရွာမှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာလာကြပြီး လမ်းတစ်လျှောက်ရှိ လေဘေးသင့်မြို့ရွာများ ပြန်လည်တည်ဆောက်ထားမှုများ၊ လယ်ယာလုပ်ငန်းနှင့် ရေလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုလေ့လာကြပြီး မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

ထို့အတူလေ့လာရေးအဖွဲ့(၃)သည် ရဟတ်ယာဉ်နှစ်စင်းဖြင့် ထွက်ခွာလာကြရာ နံနက် ၈နာရီ ၄၅မိနစ်တွင် ဖျာပုံမြို့သို့ ရောက်ရှိကြသည်။

အဆိုပါ လေ့လာရေးအဖွဲ့ဝင်များအား အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီဝင် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်၊ ဒေသခံတပ်နယ်မှ ဗိုလ်မှူးကြီးစန်းမြင့်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် ဖျာပုံခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ လေ့လာရေးအဖွဲ့ဝင်များအား ဖျာပုံမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်ဦးလွင်က မုန်တိုင်းဒဏ်ကြောင့် ဖျာပုံမြို့နယ်အတွင်း ထိခိုက်ပျက်စီးခဲ့မှု၊ ကယ်ဆယ်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးမှု အခြေအနေများကို ဗီဒီယိုမှတ်တမ်း၊ ဓာတ်ပုံမှတ်တမ်းတို့ဖြင့် ရှင်းလင်းပြသပြီး လေ့လာရေးအဖွဲ့ဝင်များ၏ သိလိုသည်များကို ပြန်လည်ဖြေကြားသည်။

ဘိုကလေးမြို့နယ် စက်ဆန်းကျေးရွာတွင် လေဘေးသင့်ပြည်သူများအတွက် ဆောက်လုပ်ပေးထားသော လူနေအိမ်များကို တွေ့ရစဉ်။ (သတင်းစဉ်)

ထို့နောက် လေ့လာရေးအဖွဲ့ဝင်များသည် အစည်းအဝေးခန်းမ၌ ခင်းကျင်းပြသထားသည့် ဖျာပုံမြို့နယ်အတွင်း နိုင်ငံတကာမှ အကူအညီပေးရေးအဖွဲ့များ၏ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှု မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုလေ့လာကြသည်။

ဆက်လက်၍ လေ့လာရေးအဖွဲ့ဝင်များသည် ဝန်ကြီးဗိုလ်ချုပ်စိုးနိုင်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ဖျာပုံမြို့တစ်ဖက်ကမ်း ဒေးဒရဲမြို့နယ် အုန်းပင်ကျေးရွာရှိ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန တနင်္သာရီတိုင်း ငါးလုပ်ငန်းဦးစီးဌာန၏ ဧရာဝတီတိုင်းလေဘေးပြန်လည်တည်ဆောက်ရေး လှေတည်ဆောက်ရေးစခန်းသို့ သွားရောက်ကြပြီး ဦးချွန်း ပဲ့ချွန်း ၂၁ပေ ငါးဖမ်းစက်လှေများ တည်ဆောက်နေမှု၊ ငါးဖမ်းပိုက်များနှင့် ငါးဖမ်းစက်လှေ၌ တပ်ဆင်မည့် အင်ဂျင်စက်များ ခင်းကျင်းပြသထားမှုတို့ကို ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် လေ့လာရေးအဖွဲ့ဝင်များသည် ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ဖျာပုံမြို့တွင်းရှိ အဆောက်အအုံများ ပြန်လည်ပြုပြင်တည်ဆောက်ထားမှုကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုလေ့လာကြပြီး ဖျာပုံမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်၍ ကျောင်းသား၊ ကျောင်းသူများ၏ စာသင်ကြားနေမှုနှင့် ကျောင်းအဆောက်အအုံ ပြန်လည်ပြုပြင်ထားရှိမှုတို့ကို ကြည့်ရှုလေ့လာကြသည်။

ထိုမှတစ်ဆင့် လေ့လာရေးအဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် ဒေးဒရဲမြို့သို့ရောက်ရှိကြပြီး ဒေးဒရဲမြို့ အမှတ်(၂)ရပ်ကွက် မြကန်သာကွက်သစ်၌ လေဘေးသင့်ပြည်သူများအတွက် အိမ်ရာများတည်ဆောက်ထားမှုကို ကြည့်ရှုလေ့လာကြသည်။

ထို့နောက် လေ့လာရေးအဖွဲ့ဝင်များသည် ဒေးဒရဲမြို့ ပြည်သူ့ဆေးရုံသို့ သွားရောက်ကြ၍ ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဆပ်ကော်မတီ၏ ဆေးခန်းနှင့် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုလေ့လာကြပြီး ဒေးဒရဲမြို့အတွင်းရှိ အဆောက်အအုံများပြန်လည်ပြုပြင်တည်ဆောက်ထားမှု အခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ထိုမှတစ်ဆင့် လေ့လာရေးအဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် ဒေးဒရဲမြို့နယ် ကျုံဒါးကျေးရွာသို့ ရောက်ရှိကြပြီး ဧဒင်အုပ်စုကုမ္ပဏီက ဆောက်လုပ်လှူဒါန်းသည့် လေဘေးသင့် ပြည်သူများအတွက် တည်ဆောက်ပေးထားသော အိမ်ရာများကို ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် လေ့လာရေးအဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် ဒေးဒရဲမြို့နယ် တိုးရွာသို့ ရောက်ရှိကြပြီး ဧဒင်အုပ်စုကုမ္ပဏီက ဆောက်လုပ်လှူဒါန်းသည့် လေဘေးသင့် ပြည်သူများအတွက် တည်ဆောက်ပေးထားသော အိမ်ရာများကို ကြည့်ရှုလေ့လာကြသည်။

ထိုမှတစ်ဆင့် လေ့လာရေးအဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် ထွက်ခွာလာကြရာ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

အုတ်ဖိုမြို့နယ်အသင်း(ရန်ကုန်) ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းမည်

ရန်ကုန် ဇူလိုင် ၂၉

အုတ်ဖိုမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်စဉ်ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို နဝမအကြိမ်မြောက်အဖြစ် ဩဂုတ် ၁၇ ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် အမှတ်(၅၅)(အယ်လ်) ရန်ကုန်-အင်းစိန်လမ်းမကြီး၊ (၁၃)ရပ်ကွက်၊ လှိုင်မြို့နယ်ရှိ အသင်းတိုက်ရုံးခန်းမ၌ ကျင်းပမည်ဖြစ်သည်။ အသင်းဝင်များ၊ မြို့နယ်သူမြို့နယ်သားများ ကြွရောက်ပါရန်နှင့် သင်္ကန်းလှူဖွယ်ပစ္စည်းများနှင့် အလှူငွေများကို လှူဒါန်းလိုပါက ဥက္ကဋ္ဌ ဦးသန်းထွေး ဖုန်း-၆၅၀၁၉၇၊ ဒုတိယဥက္ကဋ္ဌ ဦးတင်ညို ဖုန်း-၂၁၄၅၉၀၊ အတွင်းရေးမှူး ဦးခင်မောင်ဇော် ဖုန်း-၆၆၂၅၀၇၊ ဘဏ္ဍာရေးမှူး ဦးပေါ်အေး ဖုန်း-၅၅၅၈၉၅တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။

(သတင်းစဉ်)

ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ အမှတ်(၁)စက်မှုအနိုင်ရရှိ ပညာရေးနှင့် အမှတ်(၂)လျှပ်စစ်စွမ်းအားတို့ ဂိုးမရှိ သရေကျ

နေပြည်တော် ဇူလိုင် ၂၉

၂၀၀၈ခုနှစ် ဒုတိယအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ပထမဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကို နေပြည်တော်ဘောလုံးကွင်းနှင့် နေပြည်တော်ပျဉ်းမနား ပေါင်းလောင်းအားကစားပြိုင်ကွင်းတို့၌ ယနေ့ ညနေ ၃နာရီခွဲက ဆက်လက်ကျင်းပရာ နေပြည်တော်ဘောလုံးကွင်း၌ (က)အုပ်စုမှ အမှတ်(၁)စက်မှုဝန်ကြီးဌာနဘောလုံးအသင်းက မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဘောလုံးအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားပြီး နေပြည်တော်ပျဉ်းမနား ပေါင်းလောင်းအားကစားကွင်း၌ (က)အုပ်စုမှ ပညာရေးဝန်ကြီးဌာန ဘောလုံးအသင်းနှင့် အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဘောလုံးအသင်းတို့ ဂိုးမရှိ သရေပွဲဖြစ်သွားသည်။

ပြိုင်ပွဲသို့ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီနှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများ၊ နေပြည်တော်ရှိ ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဝန်ထမ်းမိသားစုများ၊ အားကစားဝါသနာရှင်များ တစ်ခဲနက်ကြည့်ရှုအားပေးကြသည်။

၃၀-၇-၂၀၀၈
(နေပြည်တော်ကွင်း)
(ခ)အုပ်စု
အလုပ်သမားနှင့် အမှတ်(၁)လျှပ်စစ်စွမ်းအား
(ပေါင်းလောင်းကွင်း)
(ခ)အုပ်စု
ယဉ်ကျေးမှုနှင့် တရားရုံးချုပ်

(၁၀၇)

သာသနာဒီပသဲအင်းဂူ ဝါတွင်းတရားစခန်း

ရန်ကုန် ဇူလိုင် ၂၉

ရန်ကုန်တိုင်း၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊(၁၆)ရပ်ကွက် သာသနာဒီပသဲအင်းဂူဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်၌ လစဉ်ကျင်းပလျက်ရှိသော အထူးအဓိဋ္ဌာန် ၁၀ရက်တရားစခန်းကို ဩဂုတ် ၂ရက်မှ ၁၁ရက်(ဝါခေါင်လဆန်း ၁ရက်မှ ၁၀ရက်)အထိ မူလသဲအင်းဂူဆရာတော်ကြီး၏ဥပနိဿယအတိုင်း ဘဒ္ဒန္တမုနိန္ဒ(ကျိုက်ဝိုင်း)၊ ဘဒ္ဒန္တသိရိန္ဒ(သာသနာဒီပ)၊ ဘဒ္ဒန္တကုဝေရ(သာသနာဒီပ)ဆရာတော်ကြီးများက ဟောကြားပြသမည်ဖြစ်သည်။ တရားအားထုတ်လိုသူများ ဩဂုတ် ၁ရက်(ဝါဆိုလကွယ်နေ့)ညနေ ၅နာရီ အရောက်လာကြရန်နှင့် အရုဏ်ဆွမ်း၊ နေ့ဆွမ်း၊အချိုပွဲများကို အလှူရှင်များ ကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၇၀၉၈၉၁သို့ ဖြစ်စေဆက်သွယ်လှူဒါန်းနိုင်သည်ဟု သိရသည်။

(၂၃)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၃၀-၇-၂၀၀၈ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြား သတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ
၈း၁၅	၁၁။	အပိတ်နှုတ်ဆက်စကား
၈း၁၆	၁၂။	ပြီးပါပြီ။

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၅	၃။	အမျိုးသားရေးတေးကဗျာ
၄း၃၀	၄။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၅၀	၅။	မျိုးချစ်တပ်မတော်
၅း၀၀	၆။	အမျိုးသားရေးတေးကဗျာ
၅း၂၀	၇။	ကျန်းမာကြံ့ခိုင် ဒို့နိုင်ငံ
၅း၃၀	၈။	ရင်ခုန်စီးဆင်းအချစ် သီချင်း
၅း၄၀	၉။	မြတ်နိုးကြစေအမျိုးသား အမွေ
၅း၅၀	၁၀။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၁၁။	မြဝတီရုပ်မြင်သံကြား သတင်း
၆း၁၀	၁၂။	နိုင်ငံတကာသတင်း
၆း၂၀	၁၃။	အမျိုးသားရေးတေးကဗျာ
၆း၃၀	၁၄။	ကာတွန်းအစီအစဉ် "ကျားကလေးရဲ့ မွေးရပ်မြေ" အပိုင်း(၁၆)
၆း၄၅	၁၅။	လျှပ်တစ်ပြက်ရိုက်ချက်
၇း၀၀	၁၆။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ရာဇဝင်တွင်တဲ့ သူ့ရဲကောင်း အပိုင်း(၉၀)
၈း၀၀	၁၇။	မြဝတီရုပ်မြင်သံကြား သတင်း
	၁၈။	မိုးလေဝသသတင်း
	၁၉။	အမျိုးသားရေးတေးကဗျာ
	၂၀။	ဖြေလိုက်ပါ
	၂၁။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၂။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - အဖြူရောင် မြွေမင်းသမီးလေး အပိုင်း(၃၅)
	၂၃။	သင့်အတွက်မနက်ဖြန်
	၂၄။	အပိတ်နှုတ်ဆက်စကား
	၂၅။	ပြီးပါပြီ။

မှားနေလျှင် ပြင်ရုံသာ

နှင်းဦးခင်

လောကကြီးမှာ အမှားတစ်ခုကို အမှားလို့သိပြီး အသိမှန်အမြင်မှန်ရကာ ပြောင်းလဲသွားခြင်းဟာ ကျွန်မတို့လူသားတွေရဲ့ တိုးတက်မှုဖြစ်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် မဖြစ်နိုင်တာကိုဖြစ်နိုင်တယ်။ မဟုတ်တာကို ဟုတ်တယ်လို့ထင်ပြီး အမှားကို အမှန်လို့ယုံကြည်နေတာကတော့ လူ့အဖွဲ့အစည်းတစ်ခုလုံးအတွက် နစ်နာစေပါတယ်။ ဘယ်လိုအမှန်တရားဖြစ်ဖြစ် အမှန်တရားမှန်သမျှဟာ တန်ဖိုးရှိပါတယ်။ အမှန်တရားကို ရှာဖွေရင် ပကတိဘဝမှာသာ ရှာဖွေရမှာဖြစ်ပါတယ်။

စကားပုံတစ်ခုကြားဖူးပါတယ်။ Pride goes before a fall "မာနဟာ ကျဆုံးမှုရဲ့ရှေ့တော်ပြေး"ဖြစ်ပါသတဲ့။ဒါကြောင့် အမှန်တရားကိုရှာဖွေရင် အတ္တစွဲနဲ့ မာန်မာနကင်းစွာ ရိုးရိုးသားသားရှာဖွေရမယ်ဆိုတဲ့ အဓိပ္ပာယ်ပါပဲ။ အတ္တအစွဲအလမ်းရှိသူနဲ့စာရင် အရိုးခံသက်သက် ပြည်သူတွေက အမှန်တရားနဲ့ ပိုပြီးနီးစပ်ပါသေးတယ်ဆိုတဲ့ ပညာရှင်များရဲ့ သွန်သင်ချက်လည်းရှိပါတယ်။

လူတစ်ဦးတစ်ယောက်ရဲ့ ဆုံးဖြတ်ချက်အမှားဟာ သူနဲ့အနီးအနားပတ်ဝန်းကျင်က လူအနည်းငယ်သာ ထိခိုက်နစ်နာစေနိုင်တာဖြစ်ပေမယ့် နိုင်ငံရေးအဖွဲ့အစည်းအင်အားတစ်ခုရဲ့ မှားယွင်းတဲ့ရွေးချယ်မှုကတော့ နိုင်ငံနဲ့ချီပြီး ထိခိုက်သွားစေနိုင်ပါတယ်။ လက်နက်ကိုင်ဆူပူမှုလမ်းစဉ်ကို ရွေးချယ်သွားတဲ့ ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ ဆုံးဖြတ်ချက်အမှားကြောင့် ပြည်သူတွေ ဒုက္ခရောက်ခဲ့ကြရတာ ပြည်သူတွေပဲ သိပါတယ်။

ဒီကနေ့ကာလဟာ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို မြန်မာနိုင်ငံက မဲပေးတဲ့ပြည်သူအားလုံးရဲ့ ၉၂ ဒသမ ၄၈ ရာခိုင်နှုန်းက ထောက်ခံအတည်ပြုပြီး ဒီမိုကရေစီ ပြည်သူ့အစိုးရတစ်ရပ် ပေါ်ထွန်းရေးအတွက် ဆောင်ရွက်နေချိန်မှာဖြင့် ပြည်တွင်းအဖျက်သမားများကတော့ ပကတိအမှန်တရားများကို မျက်စိစုံမှိတ် ကျောခိုင်းဆန့်ကျင်နေကြတာ တွေ့နေရပါသေးတယ်။

ဒီကနေ့မြန်မာနိုင်ငံမှာ ဒီမိုကရေစီနိုင်ငံ ဖြစ်ပေါ်လာရေးအတွက် ချမှတ်အကောင်အထည်ဖော်နေတဲ့ မူဝါဒလမ်းစဉ် (၇)ရပ်ကို ဆန့်ကျင် နေတဲ့ ပြည်တွင်း၊ ပြည်ပ အဖျက်သမားအချို့ ရှိနေပါသေးတယ်။ အဖျက်သမားများဟာ တပ်မတော်အစိုးရကို ငြိုးသူရန်ဘက်လိုသဘောထားပြီး ပကတိအမှန်တရားတွေကို ကျောပေးဆန့်ကျင်ဖီလာ ပြုနေကြပါတယ်။ မိမိတို့လုပ်ရပ်တွေဟာ ကောင်းကျိုးလား ဆိုးကျိုးလား၊ အပြုပိုင်းလား အဖျက်ပိုင်းလားဆိုတာ မြန်မာ့လူ့အဖွဲ့အစည်းရဲ့ ပကတိ ဘဝမှာ အဖြေရှာဆင်ခြင်သင့်ပြီ ဖြစ်ပါတယ်။

မြန်မာနိုင်ငံဟာ အရှေ့တောင်အာရှနိုင်ငံ၊ အရှေ့မြောက်အာရှနဲ့ တောင်အာရှနိုင်ငံတွေအကြားမှာ အချက်အချာကျတဲ့ ပထဝီအနေအထားကို ပိုင်ဆိုင်ထားပါတယ်။ နိုင်ငံတကာရေကြောင်းလမ်း၊ လေကြောင်းလမ်း၊ ကုန်းကြောင်းလမ်းများ ဆက်သွယ်ဆက်ဆံရာ လမ်းကြောင်းပေါ်မှာ ရှိတဲ့နိုင်ငံပါ။ ကုန်းတွင်းပိတ်နိုင်ငံမဟုတ်ဘဲ ပင်လယ်ထွက်ပေါက်ရှိတဲ့အတွက် ပထဝီနိုင်ငံရေး (Geopolitics)အရ အလွန်အရေးပါလှတဲ့ အနေအထား ကိုလည်း ပိုင်ဆိုင်ထားပါတယ်။ ဒ့ါအပြင် ရေမြေသယံဇာတ၊ သစ်တောသယံဇာတ၊ ဓာတ်သတ္တုသယံဇာတများလည်း ပေါကြွယ်ဝပါတယ်။ ကိုယ်ပိုင်ရိုးရာယဉ်ကျေးမှုကို စဉ်ဆက်မပြတ် ဖော်ဆောင်ထိန်းသိမ်း ထားရှိနိုင်ပါတယ်။ ဒီလို ဝိသေသထူးတွေရှိတာကြောင့် ရဟန်းရှင်လူအပေါင်းက အမိမြေ၊ အမိနိုင်ငံတော်ကို အလွန်မြတ်နိုး တန်ဖိုးထားလေးစားကြပါတယ်။ ဒါကြောင့်လည်း နိုင်ငံနဲ့လူမျိုး မပြိုကွဲ မပျက်သုဉ်းအောင် ကာကွယ်စောင့်ရှောက် တည်ဆောက်နိုင်ခဲ့ပါတယ်။

ဒ့ါပြင် **မြန်မာနိုင်ငံသားတို့ဟာ နှစ်ပေါင်း ၁၀၀ကျော် ကိုလိုနီနယ်ချဲ့လက်အောက်တွင် နေထိုင်ခဲ့ရခြင်း၊ သုံးနှစ်သုံးမိုးခန့် ဖက်ဆစ်တို့ လက်အောက်တွင် ကျရောက်ခဲ့ရခြင်းတို့ကြောင့် အဆိုးအကောင်းကို ကျိုးကြောင်းဝေဖန် ဆန်းစစ်နိုင်စွမ်း ရှိနေကြပါတယ်။**

မြန်မာနိုင်ငံဟာ အယူဝါဒအမျိုးမျိုး ကွဲပြားခြားနားမှုတွေကြောင့် အခက်အခဲအန္တရာယ် အဖုံဖုံနဲ့ ရင်ဆိုင်ကြုံတွေ့ခဲ့ရတဲ့ နိုင်ငံဖြစ်ပါတယ်။ ယနေ့အထိတိုင်လည်း အန္တရာယ်စက်ကွင်းထဲ မရောက်ရောက်အောင် တွန်းပို့နေသူတွေရှိနေတာ တွေ့ရပါတယ်။

ပြည်ပသြဇာခံအချို့နဲ့ ဆရာကြီးဖြစ်သူနိုင်ငံအချို့ဟာ မြန်မာ့အရေးကို သာမန်နိုင်ငံတစ်နိုင်ငံအပေါ် ရှုမြင်သလို အပေါ်ယံလေး ရှုမြင်သုံးသပ်အဖြေထုတ်လျှင် အမှားကြီးမှားမည်သာ ဖြစ်ပါတယ်။ ထိပ်တိုက်ရင်ဆိုင်ရေး၊ ဆူပူအုံကြွရေး၊ စီးပွားရေး ပိတ်ဆို့ရေး လုပ်ရပ်များဟာ အတ္တအစွဲအလမ်းများကို အခြေခံတာမို့ အမှန်တရားနဲ့ ဝေးကွာလှတဲ့ အဖျက်လုပ်ရပ်များသာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲ့ လက်ရှိအခြေအနေမှာ ဖွဲ့စည်းပုံ အခြေခံဥပဒေကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြေညာချက်အမှတ် ၇/၂၀၀၈ဖြင့် အတည်ပြုပြဋ္ဌာန်းပြီး ဖြစ်ပါတယ်။ အဲဒီနေ့ကစလို့ တည်ဆဲတပ်မတော်အစိုးရဟာ ဆန္ဒမဲပေးသူ ၉၂ဒသမ၄၈ ရာခိုင်နှုန်းရဲ့ ယုံကြည်ကိုးစား ထောက်ခံမှုရရှိသော အစိုးရဖြစ်သွားပါပြီ။

ဝေဖန်ဆန်းစစ် နိုင်စွမ်းရှိသော ပြည်သူများက ယုံကြည်ကိုးစား ထောက်ခံကြခြင်းမှာ ခိုင်လုံသော အကြောင်းများ ရှိနေပါတယ်။ အဲဒါတွေကတော့-

ယနေ့ နိုင်ငံတော်ကို ဦးဆောင်နေတဲ့ နိုင်ငံတော်အကြီးအကဲများ ဟာ ကိုယ့်နိုင်ငံရေးနဲ့ပတ်သက်လာရင် အစအဆုံး အကုန်အစင် ကျေကျေညက်ညက် သိရှိနားလည်ထားပြီးသား ပုဂ္ဂိုလ်များဖြစ်ခြင်း၊ ပါလီမန် ဒီမိုကရေစီခေတ်၊ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ် ပါတီခေတ်၊ တပ်မတော် အစိုးရခေတ်ဆိုတဲ့ ခေတ်သုံးခေတ်ကို ကိုယ်တိုင်ကြုံတွေ့ရင်ဆိုင် ဖြတ်သန်းခဲ့သူများဖြစ်သလို လွတ်လပ်ရေးရပြီးခါစ ပြည်တွင်းရောင်စုံ သောင်းကျန်းမှု၊ ကူမင်တန်တရုတ်ဖြူ ကျူးကျော်မှု၊ ပြည်တွင်းသောင်းကျန်းမှု အခြေအနေအမျိုးမျိုး၊ နိုင်ငံရေးအကွဲအပြဲ၊ အကျပ်အတည်း အခြေအနေအမျိုးမျိုးကို ရင်ဆိုင်ဖြတ်သန်း ကျော်လွှားခဲ့ကြဖူးသူများဖြစ်ခြင်း၊ နိုင်ငံရဲ့ လက်ရှိပကတိအခြေအနေမှန်ကို သမိုင်းကြောင်းနဲ့ချီပြီး ကိုယ်တွေ့အတွေ့အကြုံနဲ့ယှဉ်ပြီး အူမချေးခါးမကျန် သိရှိနားလည်ထားသူများဖြစ်ခြင်း၊ ဒီလိုသိရှိနားလည်ထားတဲ့ ကိုယ်တွေ့ အတွေ့အကြုံတွေကို အခြေခံပြီး ပြည်တွင်း၊ ပြည်ပမှ ဝိုင်းဝန်းနှောင့်ယှက်နေသည့် အကျပ်အတည်း အမျိုးမျိုးကြားက ပြည်တွင်းငြိမ်းချမ်းရေးကို ရယူနိုင်ပြီး နိုင်ငံနှင့်လူမျိုးအတွက် လမ်း၊ တံတား၊ ဆေးရုံ၊ ကျောင်း၊ ဆည်၊ တမံ စသည်ဖြင့် အကောင်းဆုံးတွေဖြစ်အောင် ပဲ့ကိုင်ဦးဆောင်နိုင်ခဲ့ခြင်း၊ နိုင်ငံနှင့်ပြည်သူ အကျိုးရှိမည့်ကိစ္စများကို မည်သည့်ဖိအားပေးမှု၊ ပိတ်ဆို့မှုကြောင့်မျှမပါဘဲ ကိုယ်ပိုင်ဆန္ဒဖြင့်လုပ်ဆောင်နေခြင်းဖြစ်သည်ကို ပြည်သူများက ကိုယ်တွေ့သိမြင်ခံစားရ၍ စံချိန်ကျိုးအောင် ထောက်ခံကြခြင်းပဲ ဖြစ်ပါတယ်။

ယနေ့မြန်မာနိုင်ငံတွင် ပြည်သူများ လိုလားတောင့်တနေသည့် ဒီမိုကရေစီ အရှည်တည်တံ့ခိုင်မြဲစွာ လက်တွေ့လိုက်နာ ကျင့်သုံးဖော်ဆောင်နိုင်ရေးအတွက် တပ်မတော်အစိုးရက နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇) ရပ် အခိုင်အမာ ချမှတ်လျက် မဆုတ်မနစ် ဖော်ဆောင်ပေးနေကြောင်း မြန်မာပြည်သူ ပြည်သားများက သမိုင်းကြောင်းနှင့်ယှဉ်၍ ရှုမြင်သုံးသပ် ခံယူထားကြပါတယ်။

ပြည်တွင်းမှ အဖျက်သမားတွေက ပြည်သူတွေကြောက်လန့်အောင် ဗုံးခွဲ၊ ဆူပူ၊ ကောလာဟလလွှင့်၊ ကုန်ဈေးနှုန်းတက်အောင်၊ အလုပ်အကိုင် ပျက်အောင်လုပ်၊ နဂိုကမှ မချမ်းသာသေးတဲ့ နိုင်ငံကို ပြာပုံထဲတွန်းချဖို့လုပ်ပြီး မြန်မာနိုင်ငံအပေါ် လူသားချင်းစာနာသည့် အကူအညီများ ဖြတ်တောက်ဖို့၊ စီးပွားရေးပိတ်ဆို့ဖို့ တောင်းဆိုနေခြင်းတွေဟာ ကျွန်မတို့နဲ့ တစ်မြေထဲဖွားတွေမှ ဟုတ်ပါလေစလို့ တွေးမိပါတယ်။ ပြည်တွင်း၊ ပြည်ပ အဖျက်သမားအင်အားစုတွေဟာ အမျိုးသားညီလာခံကျင်းပရေးကာလ၊ အခြေခံဥပဒေရေးဆွဲစဉ်ကာလ၊ ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကျင်းပစဉ် ကာလတစ်လျှောက်လုံးမှာလည်း ပြည်သူ့မျက်နှာ၊ ပြည်သူ့ဆန္ဒကိုမှ မထောက်ထားဘဲ ဖျက်လိုဖျက်ဆီး လုပ်နေကြတာ တွေ့ရပါတယ်။ နိုင်ငံနဲ့လူမျိုးကို တကယ်တမ်းချစ်တဲ့ နိုင်ငံရေးသမားကောင်းတွေဆိုရင် နိုင်ငံ့အကျိုး၊ ပြည်သူလူထုအကျိုးအတွက် မတားဆီးမပိတ်ပင်ဘဲနဲ့ သူတို့ကိုယ်တိုင်တောင် တောင်းဆိုလုပ်ကိုင်ပေးသင့်တယ်လို့ ထင်ပါတယ်။

အလျဉ်းသင့်၍ ၁၅-၇-၂၀၀၈ ရက်နေ့ (၀၅း၃၀) နာရီက VOA အသံလွှင့်ဌာနက ထုတ်လွှင့်ခဲ့တဲ့ ကမ္ဘာကျော်သက်ရှိ ထင်ရှားပညာရှင်တွေထဲမှာ လူအလေးစားခံရဆုံး၊ အကိုးကားခံရဆုံးပုဂ္ဂိုလ် အသက် ၈၀ အရွယ်ရှိ ပါမောက္ခနွမ်းချွန်စကီးနဲ့ ဗန်ကောက်ပို့စ်သတင်းစာကြီးတို့ရဲ့ ဆက်သွယ်မေးမြန်းချက်ကို ဖောက်သည်ချပါရစေ။

ယူနိုက်တက်ကင်းဒမ်းနိုင်ငံက မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှု ကြီးကြီးမားမားလုပ်ခဲ့တာ၊ အမေရိကန်နိုင်ငံက အစောပိုင်းက လက်နက်ရောင်းခဲ့တာ၊ အစ္စရေးနိုင်ငံက မကြာမီကပဲ လက်နက်ရောင်းခဲ့တာ၊ ရေနံရင်းနှီးမြှုပ်နှံမှုငွေတွေအဖြစ် ဒေါ်လာသန်းပေါင်းများစွာကို ရှယ်ဗရွန်ရေနံကုမ္ပဏီကြီးက ဆက်လက်ထောက်ပံ့နေတာတွေရဲ့ အကျိုးဆက်က ဘာလဲလို့မေးတဲ့အခါ နွမ်းချွန်စကီးက အမေရိကန်၊ ဗြိတိန်၊ အစ္စရေး လုပ်ဆောင်ချက်တွေက မြန်မာအစိုးရကောင်းဖို့ ဖြစ်သွားတာပါပဲလို့ ဖြေပါတယ်။

ဒါဟာပြည်တွင်းအဖျက်သမားများရဲ့ ဆရာကြီးတွေ ကျင့်သုံးတဲ့ မီးစတစ်ဖက်၊ ရေမှုတ်တစ်ဖက်လုပ်ရပ်ပါပဲလို့ သိရမယ့် အချက်ဖြစ်ပါတယ်။ ကျွန်မတို့နိုင်ငံ စီးပွားရေးကျပ်တည်းဖို့ တစ်ဖက်က ပိတ်ဆို့မယ်၊ တစ်ဖက်ကတော့ သူတို့ အကျိုးစီးပွားအတွက်ဆိုရင် ရောင်းမယ် ဝယ်မယ် ဒါပါပဲ။

နောက်မေးခွန်းက မြန်မာနိုင်ငံမှာ လူထုအုံကြွမှု အောင်မြင်နိုင်ပါသလားဆိုတော့ နွမ်းချွန်စကီးက လူထုအုံကြွမှုဆိုတာ အလုပ်ဖြစ်လေ့ မရှိတတ်ပါဘူးလို့ ဖြေသွားပါတယ်။ လူထုအုံကြွမှုဖြစ်စေအောင် သွေးထိုးမြှောက်ပင့်နေရင် မောရုံသာရှိပါမယ်၊ မအောင်မြင်ဘူးဆိုတာ ကမ္ဘာက မြင်ပါတယ်။ မြန်မာတစ်နိုင်ငံလုံးကလည်း ဆူပူအုံကြွမှုကို ရွံချပါတယ်။

ပါမောက္ခနွမ်းချွန်စကီးက ဆက်လက်ဖြေကြားရာမှာ အကြမ်းမဖက်တဲ့ နည်းလမ်းတွေနဲ့ ပြဿနာကို နားလည်သင့်တယ်လို့ ဆိုပါတယ်။ ထိပ်တိုက်ရင်ဆိုင် ဆန့်ကျင်နေကြမယ့်အစား အကြမ်းမဖက်တဲ့ နည်းလမ်းတွေနဲ့ ပြဿနာကို ဖြေရှင်းကြဖို့ပါ။

ဒါကြောင့် အဖျက်အင်အားစုအနေနဲ့ အနောက်နိုင်ငံအချို့က ဒီမိုကရေစီရေး၊ လူ့အခွင့်အရေးတွေ အသံကျယ်ကျယ်အော်ပြီး တစ်ကမ္ဘာလုံး စားကောင်းခြင်းမစားရအောင်၊ နေကောင်းခြင်းမနေရအောင် မီဒီယာလက်နက်သုံးပြီး ဝါဒဖြန့် ဖိအားပေး၊ အကြမ်းဖက်တိုက်ခိုက်၊ စီးပွားရေးပိတ်ဆို့၊ အဲဒါတွေကို သံယောင်လိုက်ပြီး ထိပ်တိုက်ရင်ဆိုင်၊ ဆန့်ကျင်အုံကြွ၊ ဖောက်ခွဲနေကြတာ အရင်းစစ်တော့ ဒါတွေနဲ့ဒီမိုကရေစီ လူ့ဘောင်ကို ထူထောင်လို့မရကြောင်း၊ မင်းမဲ့တိုင်းပြည်ဘဝကိုသာ တွန်းပို့သွားမှာဖြစ်ကြောင်း ပကတိမျက်စိနဲ့ ကြည့်မြင်သင့်ပါပြီ။ အမှားကို အမှားမှန်း သိသင့်ပါပြီ။ မှားမှန်းသိ၍ ရပ်သင့်ပါပြီ။ ။

မြန်မာနိုင်ငံမှာ လူထုအုံကြွမှု အောင်မြင်နိုင်ပါသလားဆိုတော့ နွမ်းချွန်စကီးက လူထုအုံကြွမှုဆိုတာ အလုပ်ဖြစ်လေ့ မရှိတတ်ပါဘူးလို့ ဖြေသွားပါတယ်။ လူထုအုံကြွမှုဖြစ်စေအောင် သွေးထိုးမြှောက်ပင့်နေရင် မောရုံသာ ရှိပါမယ်၊ မအောင်မြင်ဘူးဆိုတာ ကမ္ဘာက မြင်ပါတယ်။ မြန်မာတစ်နိုင်ငံလုံးကလည်း ဆူပူအုံကြွမှုကို ရွံချပါတယ်။

ပါမောက္ခနွမ်းချွန်စကီးက ဆက်လက်ဖြေကြားရာမှာ အကြမ်းမဖက်တဲ့ နည်းလမ်းတွေနဲ့ ပြဿနာကို နားလည်သင့်တယ်လို့ ဆိုပါတယ်။ ထိပ်တိုက်ရင်ဆိုင် ဆန့်ကျင်နေကြမယ့်အစား အကြမ်းမဖက်တဲ့ နည်းလမ်းတွေနဲ့ ပြဿနာကို ဖြေရှင်းကြဖို့ပါ။

ပင်မဓာတ်အားခွဲရုံများမှ ဓာတ်အားပို့လွှတ်မှုအခြေအနေ ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၂၉

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် တာဝန်ရှိသူများလိုက်ပါ၍ ဇူလိုင် ၂၆ ရက်တွင် မိတ္ထီလာ ပင်မဓာတ်အားခွဲရုံ(သပြေဝ)သို့ရောက်ရှိပြီး အဝင်လမ်းများ ဖောက်လုပ်ထားရှိမှု အခြေအနေ၊ ခွဲရုံအတွက် ရောက်ရှိလာသော ဓာတ်အားခွဲရုံပစ္စည်းများကို ဝန်ချီစက်၊ ကရိန်းများဖြင့် သယ်ချနေမှု အခြေအနေများကို လိုက်လံ ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည် မန္တလေး ပင်မ ဓာတ်အားခွဲရုံ(တံခွန်တိုင်)သို့ ရောက်ရှိပြီး ခွဲရုံအတွင်းရှိ Control Room နှင့် ခွဲရုံခန်းများအတွင်း လှည့်လည် ကြည့်ရှုစစ်ဆေးကာ Switch Yard အတွင်း မန္တလေး ပင်မ ဓာတ်အားခွဲရုံ(တံခွန်တိုင်)မှ ရွှေစာရံ ပင်မဓာတ်အားခွဲရုံသို့ ဓာတ်အားပို့လွှတ်ရန် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးသည်ရွှေစာရံ ပင်မဓာတ်အားခွဲရုံသို့ ရောက်ရှိပြီး ရွှေစာရံပင်မဓာတ်အားခွဲရုံသို့ တံခွန်တိုင်ပင်မဓာတ်အားခွဲရုံမှ တစ်ဆင့် ဓာတ်အားစနစ်မှ ၁၃၂ ကေဗွီ ဓာတ်အားစတင်ရောက်ရှိမှု အခြေအနေ၊ ရွှေစာရံပင်မဓာတ်အားခွဲရုံမှတစ်ဆင့် ပြင်ဦးလွင် အနီးစခန်း၊ ရတနာပုံ မြို့သစ်နှင့် ကျောက်ချော ပင်မဓာတ်အား ခွဲရုံများသို့ ဓာတ်အားပို့လွှတ်မှုနှင့် Control Room အတွင်းရှိ လျှပ်စစ်တိုင်းတာရေး မီတာများက ပြသသော ရွှေစာရံ ပင်မဓာတ်အား ခွဲရုံတွင် ရရှိသော ၁၃၂ ကေဗွီ ဗို့အား ပမာဏ၊ ၁၃၂ ကေဗွီ ပြင်ဦးလွင် မဟာဓာတ်အားလိုင်းတို့သို့ ဓာတ်အား စီးဆင်းမှု ပမာဏနှင့် Switch Yard အတွင်းတည်ဆောက်နေမှုလုပ်ငန်းများကို လှည့်လည် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း တာမွေမြို့နယ် နန္ဒဝန်ပါဠိတက္ကသိုလ် စာသင်တိုက် ဆရာတော် ဦးယုဇနထံ မိခင်ကြီး ဒေါ်ရီရီ (၆-အထပြ- မြောင်းမြ) တစ်နှစ်ပြည့်ရည်စူး၍ ရန်ကုန်တိုင်း တာမွေမြို့နယ် သတိပဋ္ဌာန်လမ်း (ကျောက်မြောင်း) ဒွေးကြွယ်ရပ်ကွက်နေ ဖခင် ဦးဇော်ထွန်း (မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ်၊ ဒိုင်လူကြီး)၊ မြန်မာနိုင်ငံ အားကစားကလောင်ရှင်များအဖွဲ့ချုပ်၊ မြောင်းမြမြို့နယ် အသင်း အမှုဆောင်၊ ကုန်သွယ် လယ်ယာ(ငြိမ်း)၊ လူမှုထူးချွန်(တတိယဆင့်)နှင့် သားသမီးမြေးများ မိသားစုက နဝကမ္မ အလှူငွေကျပ် သုံးသိန်း၊ ဓမ္မာစရိယ စာသင်သားများအတွက် အလှူငွေကျပ် တစ်သိန်း၊ ဆွမ်းကပ်ရန် လှူဒါန်းငွေကျပ်နှစ်သိန်း စုစုပေါင်း အလှူငွေကျပ် ခြောက်သိန်း ဆက်ကပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်အား ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အီတလီသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Dr. Giuseppe CINTI လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ရက် (၆၀) တရားစခန်း ဖွင့်လှစ်မည်

ရန်ကုန် ဇူလိုင် ၂၉

ရန်ကုန်တိုင်း မှော်ဘီမြို့ ရှမ်းစု (၁)ရပ်ကွက် အသောကကျောင်းတိုက် ဦးစီးပဓာန၊ နာယက ဆရာတော် ဘဒ္ဒန္တကေလာသ (ဓမ္မာစရိယ၊ ကမ္မဋ္ဌာနာစရိယ)က မြေဇင်းတောရ ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း (၁၃၇၀ပြည့်နှစ် ဝါခေါင်လဆန်း ၂ရက်) ဩဂုတ် ၃ရက်မှ (သီတင်းကျွတ်လဆန်း၃ရက်) အောက်တိုဘာ ၂ရက်ထိရက်၆၀ တရားစခန်းဖွင့်မည်ဖြစ်၍ တရားစခန်းဝင်လိုသူများသည် ဆရာတော် ဖုန်း-၀၉၅၀၃၉၀၀၂၊ ဦးဖေသိန်း (မင်္ဂလာဈေး) ဖုန်း-၀၉၅၀၁၄၇ ၈၉၊ ဒေါ်ချိုချိုအောင် (မင်္ဂလာဈေး) ဖုန်း-၀၉၅၀၂၂၉၅၆ တို့သို့ ဆက်သွယ် စုံစမ်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ဝန်ကြီး ဒေါက်တာကျော်မြင့်အား အီတလီသံအမတ်ကြီး တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၂၉

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်အားပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အီတလီ သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Dr. Giuseppe CINTI သည် ဇူလိုင် ၂၈ရက်နံနက်၁၁နာရီတွင်နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် သံအမတ်ကြီးက ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဆေးရုံများသို့ ဆေးနှင့်ဆေး ပစ္စည်းများ လှူလိုပါကြောင်းနှင့် နှစ်နိုင်ငံအကြား ဆေးပညာရှင်များ အပြန်အလှန်စေလွှတ်၍ နည်းပညာ ဖလှယ်ရေး ဆောင်ရွက်လိုကြောင်းတို့ကို ဆွေးနွေးတင်ပြသည်။

ဝန်ကြီး ဒေါက်တာကျော်မြင့်က အီတလီသမ္မတနိုင်ငံနှင့် မြန်မာနိုင်ငံအကြား ဆေးပညာနှီးနှောဖလှယ်ရေးကိစ္စကို ကြိုဆိုပါကြောင်းနှင့် ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဆေးရုံများသို့ ဆေးနှင့်ဆေးပစ္စည်းများ လှူဒါန်းရန် ဆန္ဒပြုသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြန်လည်ပြောကြားသည်။

ယင်းသို့တွေ့ဆုံရာသို့ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာပိုင်စိုး၊ ကျန်းမာရေး ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်နယ်နှင့်တိုင်း စားပွဲတင်တင်းနစ်ပြိုင်ပွဲ ဖွင့်လှစ်

ရန်ကုန် ဇူလိုင် ၂၉

အားကစားနှင့်ကာယပညာဦးစီးဌာနနှင့်မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသော ၂၀၀၈ ခုနှစ် (၂၁)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း စားပွဲတင်တင်းနစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၂၈ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိမိုးလုံလေလုံအားကစားပြိုင်ပွဲရုံ၌ ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာနဝန်ကြီး ကိုယ်စား မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေ အတွင်းရေးမှူး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က အဖွင့်အမှာစကား ပြောကြားပြီး ပြည်နယ်နှင့်တိုင်း စားပွဲတင် တင်းနစ်ပြိုင်ပွဲကို ဖွင့်လှစ်ပေးလိုက်သည်။

ဦးကျော်စိန်(မန်နေဂျင်းဒါရိုက်တာ၊ Jewellery Luck Co. Ltd နှင့် အိုလံပစ်ဟိုတယ်)က မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ်သို့ အလှူငွေ ကျပ် ၁၀သိန်းပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး၊ အားကစားနှင့် ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက် လက်ခံစဉ်။

(စားပွဲတင်တင်းနစ်အဖွဲ့ချုပ်)

ထို့နောက် မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ်သို့ဦးကျော်စိန်(မန်နေဂျင်းဒါရိုက်တာ၊ Jewellery Luck Co. Ltd နှင့် အိုလံပစ်ဟိုတယ်)နှင့် ဦးအောင်ခိုင်မိုး (ကံကြီးမောင် ဗီဒီယိုထုတ်လုပ်ရေး) တို့က အလှူငွေကျပ် ၁၀သိန်းစီတို့ကို ပေးအပ်လှူဒါန်းကြရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က လက်ခံပြီး မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ် ဦးဆောင်နာယက ဒေါ်မူမူဝင်းနှင့် နာယက ဒေါ်စိုးဝတ်ရည်တို့က အလှူငွေ ကျပ်တစ်သိန်းခွဲကို ပေးအပ်လှူဒါန်းကြရာမြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးကျော်ကျော်က လက်ခံသည်။

ပါဝင်ယှဉ်ပြိုင်

ထို့နောက် ဖွင့်ပွဲနေ့ ပြိုင်ပွဲများကို စတင်ကျင်းပရာ အမျိုးသား ၁၆ ပွဲနှင့် အမျိုးသမီးရှစ်ပွဲ စုစုပေါင်း ၂၄ပွဲ ကျင်းပပြီးစီးသည်။ ပြိုင်ပွဲတွင် အမျိုးသား ၁၆ သင်း၊ အမျိုးသမီး ရှစ်သင်းတို့ ပါဝင်ယှဉ်ပြိုင်လျက်ရှိပြီး ဩဂုတ် ၃ ရက်အထိ ယင်းအားကစားပြိုင်ပွဲရုံ၌ပင် နေ့စဉ် နံနက် ၉ နာရီမှ စတင်၍ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အာရှခရစ်ကက်ကောင်စီမှ Development Officer ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ပြန်လည်ထွက်ခွာ

ရန်ကုန် ဇူလိုင် ၂၉

မြန်မာ့ခရစ်ကက်အားကစားနည်းဖွံ့ဖြိုးတိုးတက်လာရေးနှင့် နည်းပြဆရာကောင်းများ ပေါ်ထွက်လာရေးတို့အတွက် အဓိကရည်ရွယ်ချက်ဖြင့် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ၏ ကြီးကြပ်မှုအရ အာရှခရစ်ကက်ကောင်စီနှင့် မြန်မာနိုင်ငံ ခရစ်ကက်အဖွဲ့ချုပ် (Asian Cricket Council And Myanmar Cricket Federation Joinly) တို့ ပူးပေါင်း၍ ဇူလိုင် ၁၆ ရက်မှ ၁၈ရက်အထိ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့၌ သင်တန်းသား၊ သင်တန်းသူ ၃၀ ဦးတို့အား လည်းကောင်း၊ ဇူလိုင် ၂၀ရက်မှ ၂၃ရက်အထိ ရန်ကုန်မြို့၌ သင်တန်းသား၊ သင်တန်းသူ ၃၀တို့အားလည်းကောင်း Level. O. Cricket Coaching Course သင်တန်းများတွင် နည်းပြဆရာအဖြစ်တာဝန်ယူပြီး စာတွေ့လက်တွေ့ သင်ကြားပို့ချခဲ့သော Asian Cricket Council Developing Officer Mr. Aminul Islamသည် ဇူလိုင် ၂၄ရက် ညနေ ပိုင်းတွင် လေကြောင်းခရီးဖြင့် ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံသို့ ပြန်လည်ထွက်ခွာသွားရာ မြန်မာနိုင်ငံ ခရစ်ကက်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးညွန့်ဝင်း၊ ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသော ဦးကျော်ကျော်နှင့် ဦးမောင်မောင်၊ အမှုဆောင်များက ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ **(အပေါ်ဝဲပုံ)**

ဖွင့်လှစ်

မြန်မာနိုင်ငံခရစ်ကက်အဖွဲ့ချုပ်က ကြီးမှူး၍ ၂၀၀၈ ခုနှစ် ဩဂုတ်လအတွင်း MCF UMPIRING And Scorers Course Yangon နှင့် MCF Level . O. Coaching Course ဆင့်ပွားသင်တန်းများကို ဖွင့်လှစ်ပြီး အသက် ၁၅နှစ်အောက်အသင်းများနှင့် အသက် ၁၇နှစ်အောက်အသင်းများမှအားကစားသမားများအားသတ်မှတ်ထားသောအပတ်စဉ်များတွင် လေ့ကျင့်ပေးသွားမည်ဖြစ်သည်။

စီစဉ်ဆောင်ရွက်

ထို့ပြင် အားကစားနှင့် ကျန်းမာရေး (Sports Medicine And Fitness) ဟောပြောပွဲများ ပြုလုပ်သွားရန် မြန်မာနိုင်ငံ ခရစ်ကက်အဖွဲ့ချုပ်က စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(ကြေးမုံ)

✳ ရှေ့ဖုံးမှ

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က ဌာနပိုင်မြေများနှင့် စက်မှုဇုန်မြေများတွင် အလုပ်ရုံ၊ စက်ရုံများနှင့် အဆောက်အအုံများ ဆောက်လုပ်ခြင်း မရှိသေးသော မြေလွတ်မြေလပ်များကို အကျိုးရှိစွာ အသုံးချရေး၊ အဆိုပါမြေများတွင် တစ်ဆက်တစ်စပ်တည်းရှိသောမြေများ၌ စက်များဖြင့် ထွန်ယက်စိုက်ပျိုးရိတ်သိမ်းနိုင်သည့် မြေယာများအဖြစ် စီမံဆောင်ရွက်သွားရေး၊ မိုးစပါးအပါအဝင် တစ်နှစ်အနည်းဆုံး နှစ်သီးရအောင် စိုက်ပျိုးရေးနှင့် အထွက်နှုန်းကောင်းပြီး အရည်အသွေးကောင်းသည့်မျိုးများကို ရွေးချယ်စိုက်ပျိုးရေးတို့နှင့် စပ်လျဉ်း၍ မှာကြားသည်။

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ပဲခူးမြစ် ကမ်းနားပတ်လမ်းရှိ ညောင်ပင်သာချောင်း ရေတံခါးအနီး စိုက်ပျိုးပြီး စပါးခင်းများကို တွေ့ရစဉ်။ (သတင်းစဉ်)

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရွာသာကြီး ဘူတာပတ်ဝန်းကျင်၌ မိုးစပါးစိုက်ပျိုးထားမှုများကို ကြည့်ရှုစစ်ဆေးကြသည်။ ဆက်လက်၍ နိုင်ငံတော် ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ပဲခူးမြစ် ကမ်းနားပတ်လမ်းရှိ ညောင်ပင်သာချောင်း ရေတံခါးအနီး၌ မိုးစပါးစိုက်ပျိုးနေမှုများ၊ စိုက်ပျိုးပြီး စပါးခင်း အခြေအနေများကိုလည်းကောင်း၊ ဒဂုံမြို့သစ်(ဆိပ်ကမ်းမြို့နယ်) (၉၈) ရပ်ကွက်၌ မိုးစပါးစိုက်ပျိုးထားရှိမှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြရာ သက်ဆိုင်ရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများက မြို့နယ်များအတွင်း မိုးစပါးစိုက်ပျိုးပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ပဲခူးမြစ် ကမ်းနားပတ်လမ်းတစ်လျှောက်၌ မိုးစပါးစိုက်ပျိုးထားမှုများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် (၉၈)ရပ်ကွက်၌ မိုးစပါး စိုက်ပျိုးထားမှုများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃၀-၇-၂၀၀၈ (ဗုဒ္ဓဟူးနေ့)

AM & PM	
၇း၀၀ - ၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅ - ၁း၀၅	“သတိပဋ္ဌာန်အခြေခံ ရှိခိုးဦးချနည်းသင်” တရားတော် (ပြည်တွင်းပြည်ပသာသနာပြု အောင်ဆန်းဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ)
၇း၅၀ - ၁း၅၀	Industrial Talk [ဒေါက်တာ မျိုးမြင့်၊ ဦးတင်အောင်ရွှေ(သုတေသီ)]
၈း၂၀ - ၂း၂၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၈း၄၅ - ၂း၄၅	အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ “ရင်ခုန်နှင်းဆီ”
၉း၁၅ - ၃း၁၅	ပြည်တွင်းသတင်းအကျဉ်း
၉း၂၅ - ၃း၂၅	အလှဆင်ပူဇော် ဘုရားမီးရောင်ခြည်တော်
၉း၅၀ - ၃း၅၀	တေးဂီတအစီအစဉ်
၉း၅၅ - ၃း၅၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၀၀ - ၄း၀၀	နောက်မကျရအောင် (မင်းသူ၊မိုးပြည့်ပြည့်မောင်) (ဒါရိုက်တာ-ကြည်စိုး)
၁၀း၁၀ - ၄း၁၀	တေးဂီတအစီအစဉ်
၁၀း၁၅ - ၄း၁၅	မိုးလေဝသခန့်မှန်းချက်
၁၀း၂၀ - ၄း၂၀	Midweek Sport News
၁၀း၃၅ - ၄း၃၅	တေးဂီတအစီအစဉ်
၁၀း၄၀ - ၄း၄၀	မြွေအန္တရာယ်နှင့် မြွေကိုက်ခံရလျှင် လိုက်နာဆောင်ရွက်ရမည့်အချက်များ (ပါမောက္ခ ဒေါက်တာစောနောင်)
၁၁း၀၀ - ၅း၀၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၁၀ - ၅း၁၀	မင်းလှရေလှောင်တမံ
၁၁း၂၀ - ၅း၂၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၂၅ - ၅း၂၅	တေးဂီတအစီအစဉ်
၁၁း၃၀ - ၅း၃၀	Teen Star (မိုးအောင်ရင်နှင့်တွေ့ဆုံခြင်း)
၁၁း၅၅ - ၅း၅၅	ကလေးများအတွက် နိမ်နင်းကာကွယ် သွေးလွန်တုပ်ကွေးအန္တရာယ်
၁၂း၁၅ - ၆း၁၅	တေးဂီတအစီအစဉ်
၁၂း၂၀ - ၆း၂၀	Myanmar Video Rhythm
၁၂း၄၅ - ၆း၄၅	လှပခံ့ထည်အလှဆင် ခေတ်မီတိုက်တာအသွင်
၁း၀၀ - ၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မော်လမြိုင်ကျွန်းမြို့နယ် ကြက်ရှာကျေးရွာ၌ လူနေအိမ်များတည်ဆောက်

ပြောင်းရွှေ့နေထိုင်လျက်ရှိသည့် လေဘေးသင့်ပြည်သူများအား ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် နှုတ်ဆက်အားပေး

ရန်ကုန် ဇူလိုင် ၂၉

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်သည် မော်လမြိုင်ကျွန်းမြို့၌ အခြေပြုလျက် ဇူလိုင် ၂၈ ရက် နံနက် ၇ နာရီခွဲတွင် မော်လမြိုင်ကျွန်းမြို့နယ် ကြက်ရှာကျေးရွာသို့ ရောက်ရှိပြီး မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်မှ လှူဒါန်း၍ တီဇက်တီအမ် ဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ယူဆောက်လုပ်လျက်ရှိသော ကျေးလက်လူနေအိမ် ၁၅၀ တည်ဆောက်ရေးလုပ်ငန်းခွင်၌ ဆောက်လုပ်ပြီးစီးသော လူနေအိမ် ၄၀ တွင် စတင်ပြောင်းရွှေ့နေထိုင်လျက်ရှိသည့် လေဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားပြောကြားသည်။

မော်လမြိုင်ကျွန်းမြို့နယ်အတွင်း လေဘေးဒဏ်ကြောင့် အိုးအိမ်ပျက်စီးဆုံးရှုံးမှု အများဆုံး ဖြစ်ခဲ့သော ကြက်ရှာကျေးရွာအုပ်စု ကြက်ရှာကျေးရွာအတွက် ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်မှ လူနေအိမ် ၁၅၀၊ ဆေးပေးခန်းတစ်လုံး၊ ရုံးတစ်ရုံး ဆောက်လုပ်ရန် လှူဒါန်းထားရာ အမျိုးသား သဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ၏ အစီအစဉ်ဖြင့် တီဇက်တီအမ် ဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ယူ တည်ဆောက်လျက်ရှိပြီး လူနေအိမ် ၄၀ ဆောက်လုပ်ပြီးစီးနေပြီ ဖြစ်သည်။

ထို့နောက် ဝန်ကြီးသည် လူနေအိမ်များ၌ ပြောင်းရွှေ့နေထိုင်လျက်ရှိသော လေဘေးသင့် ပြည်သူများအတွက် အိမ်ထောင်စုအလိုက် ဆီ၊ ခေါက်ဆွဲခြောက်၊ အဝတ်အထည်များ၊ လူသုံးပစ္စည်းများ၊ ငါးသေတ္တာဘူးများ၊ ခြင်ထောင်များ၊ ဓာတ်ဆားထုပ်များကို ထောက်ပံ့ပေးအပ်သည်။

မော်လမြိုင်ကျွန်းမြို့နယ်အတွင်းရှိ လေဘေးဒဏ်ကြောင့် အသက် အိုးအိမ်ပျက်စီးဆုံးရှုံးမှု အများဆုံး ဖြစ်ခဲ့သော ကြက်ရှာ၊ ရှောက်ချောင်း၊ ကျားဟုန်း၊ နတ်မှူး၊ ကျွန်းချောင်းနှင့် လှိုင်းဘုန်းကျေးရွာအုပ်စုတို့အတွက် နိုင်ငံတော်မှ လူနေအိမ် ၁၃၅၀ ဆောက်လုပ်ရန် စီစဉ်ထားပြီး အမြန်ဆောက်လုပ် အကောင်အထည်ဖော်လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့် မော်လမြိုင်ကျွန်း မြို့နယ် ကြက်ရှာကျေးရွာတွင် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက် မှ လှူဒါန်းပြီး တီဇက်တီအမ် ဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန် ယူ ဆောက်လုပ်လျက်ရှိသော ကျေးလက်လူနေအိမ်များ ဆောက် လုပ်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေး စဉ်။ (နယ်စပ်/စည်ပင်)

▲ **ရှေ့ဖုံးမှ**

အဖွင့်အမှာစကား ပြောကြားရာတွင် လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး ကြီးကြပ်မှု ဗဟိုအဖွဲ့အနေဖြင့် နိုင်ငံအတွင်း လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်စေရေးနှင့် ပြည်သူများ ခရီးသွားလာမှုလွယ်ကူ ချောမွေ့စေရေးအတွက် နိုင်ငံတော်ပိုင် လမ်းတံတားများကို ပုဂ္ဂလိက လုပ်ငန်းရှင်များနှင့် ပေါင်းစပ် ဆောင်ရွက်သည့် အစီအစဉ်များကို ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း။

ဤသို့ ပုဂ္ဂလိကကဏ္ဍနှင့် ပေါင်းစပ်လျက် လမ်းတံတား လုပ်ငန်းများ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ ဝန်ကြီးဌာနများက ပံ့ပိုးဆောင်ရွက်ရမည့်အပိုင်း၊ ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများက ပံ့ပိုးဆောင်ရွက်ရမည့်အပိုင်းနှင့် ပုဂ္ဂလိက လုပ်ငန်းရှင်များက ဆောင်ရွက်ရမည့် အပိုင်းကဏ္ဍများ ဟန်ချက်ညီညီ ပေါင်းစည်း ဆောင်ရွက်နိုင်ရန် လိုအပ်ကြောင်း။

လုပ်ငန်းရှင်များအနေဖြင့် လုပ်ကိုင်ဆောင်ရွက်၍ အဆင်ပြေနိုင်မည့်လမ်းများ၊ စီးပွားရေးအရ တွက်ခြေကိုက်နိုင်မည့် လမ်းများနှင့် အချို့လည်း မိမိတို့ လုပ်ကိုင်ဆောင်ရွက်နေသည့်လုပ်ငန်း ဒေသနှင့် ဆက်စပ်နေသည့် လမ်းများကို တာဝန်ယူဆောင်ရွက်ရန် တင်ပြချက်များအရ နိုင်ငံတော်က ခွင့်ပြုပေးခဲ့ပြီး ဖြစ်ကြောင်း။

လမ်းလုပ်ငန်းသည် အစဉ်အမြဲ ပြုပြင်ထိန်းသိမ်းပြီး ဖိဖိစီးစီးဆောင်ရွက်မှသာအောင်မြင်နိုင်သည့်လုပ်ငန်းဖြစ်ကြောင်း၊ ငွေကြေးအရင်းအနှီးလည်းကြီးမားကြောင်း၊ ခြောက်သွေ့သောဒေသရှိလမ်း၊စိုစွတ်ပြီးရေကျော်လေ့ရှိသည့်လမ်း၊ တောင်ပေါ်လမ်း၊ မြေပြန့်လမ်း စသည်ဖြင့် ဒေသ၊ မြေပြင်အနေအထား ရာသီဥတု အခြေအနေတို့အရ လမ်းပိုင်းတစ်ခုနှင့်တစ်ခု မတူညီကြကြောင်း။

သို့ဖြစ်၍ လမ်းအခြေအနေပေါ်မူတည်ပြီး စနစ်တကျဖြင့် မျက်ခြည်မပြတ် စောင့်ကြည့်ပြီးအမြဲမပြတ် ပြုပြင်ဆောင်ရွက်ပါမှ လမ်းများ ရေရှည်ခိုင်ခံ့မှာဖြစ်ကြောင်း၊ နိုင်ငံတော်အပိုင်း၊ ဒေသဆိုင်ရာ အာဏာပိုင်များအပိုင်းမှ ပံ့ပိုးဆောင်ရွက်ပေးဖွယ်များကို တတ်အားသရွေ့ ကူညီပံ့ပိုးဆောင်ရွက်ပေးမှာ ဖြစ်ကြောင်း။

လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်စေရေး၊ ပြည်သူများ ခရီးသွားလာမှု၊ ကုန်စည်စီးဆင်းမှု လွယ်ကူချောမွေ့စေရေး ရည်မှန်းချက်များဖြင့် လမ်းတံတားလုပ်ငန်းများကို နိုင်ငံတော်က လွှဲအပ်ပေးထားခြင်းဖြစ်သည့် အလျောက် လုပ်ငန်းရှင်များကလည်း လမ်းပန်းဆက်သွယ်မှု အမြဲကောင်းမွန်အောင် ပြုပြင်ထိန်းသိမ်းရန် တာဝန်ရှိသည်ဆိုသည့် ခံယူချက်ဖြင့် ဆောင်ရွက်သွားကြရန်မှာကြား လိုကြောင်း။

ဒေသဆိုင်ရာ အာဏာပိုင်များကလည်း လုပ်ငန်းရှင်များက တာဝန်ယူဆောင်ရွက်နေသည့်လမ်းများ ဖြစ်သော်လည်း နိုင်ငံတော်ပိုင် လမ်းများဖြစ်သည့်အပြင် တိုင်းရင်းသားပြည်သူများအသုံးပြုနေသော လမ်းများဖြစ်သည်ကို သိမြင်ပြီး သက်ဆိုင်ရာ လုပ်ငန်းရှင်များ၏ လုပ်ငန်းများ အောင်မြင်ပြီးမြောက်အောင်ဝိုင်းဝန်းကူညီ ပံ့ပိုးပေးကြရန် ပြောကြားသည်။

ထို့နောက်ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့်၊ ဗိုလ်ချုပ်မင်းအောင်လှိုင်၊ ဗိုလ်ချုပ်ကိုကို၊ ဗိုလ်ချုပ်သာအေးနှင့် ဗိုလ်ချုပ်ခင်ဇော်တို့က သက်ဆိုင်ရာ နယ်မြေအလိုက် လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေးလုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက်လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး ကြီးကြပ်မှုဗဟိုအဖွဲ့ အတွင်းရေးမှူး ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းက ပုဂ္ဂလိကလုပ်ငန်းရှင်များအား B.O.T စနစ်ဖြင့် လုပ်ကိုင်ခွင့်ပေးထားသည့်လမ်းများ စည်းကမ်းသတ်မှတ်ချက်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက်လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်လျက်ရှိသော တိုင်းရင်းသား ပုဂ္ဂလိကကုမ္ပဏီများဖြစ်ကြသည့် အေးရှားဝေါလ်ကုမ္ပဏီ၊ သော်တာဝင်းကုမ္ပဏီ၊ ရွှေသံလွင်ကုမ္ပဏီ၊ ဟိုက်စတားကုမ္ပဏီ၊ ရွှေတောင်ကုမ္ပဏီ၊ ယုဇနကုမ္ပဏီ၊ မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက်၊ ကမ္ဘောဇ လမ်းကြောင်းရှာဖွေရေး စက်မှုလုပ်ငန်းများလီမိတက်၊ မက်စ်မြန်မာကုမ္ပဏီနှင့် မြတ်နိုးသူကုမ္ပဏီတို့မှ တာဝန်ရှိသူများက မိမိတို့ တာဝန်ယူဆောင်ရွက်နေသည့် လမ်းများ ပြုပြင်ဆောင်ရွက်နေမှု အခြေအနေများကိုရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦးက လိုအပ်ချက်များကို သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ ဒေသဆိုင်ရာ တာဝန်ရှိသူများနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

လမ်းပန်း ဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှု ဗဟိုအဖွဲ့အတွင်းရေးမှူး ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်

(၁-၈-၂၀၀၈ မှ ၇-၈-၂၀၀၈)ထိ

World Breastfeeding Week

(1-8-2008 to 7-8-2008)

Mother Support: Going for the Gold!

"မိခင်နို့ စနစ်တကျတိုက်ကျွေးဖို့၊ ဝိုင်းဝန်းကူညီပံ့ပိုးစို့"

ကျန်းမာရေးဝန်ကြီးဌာန

အမှာစကားပြောကြား

လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှု ဗဟိုအဖွဲ့ဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှု ဗဟိုအဖွဲ့ (၁/၂၀၀၈) ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ဝါတွင်းကာလ သီလပေးတရားပွဲ

ရန်ကုန် ဇူလိုင် ၂၉

ရန်ကုန်မြို့ လှိုင်မြို့နယ် (၁၃)ရပ်ကွက်ရှိ ပဏ္ဍိတာရာမ စာသင်တိုက်၏ နာယက၊ စာချ၊ သာသနာပြုနယ်လှည့်ဓမ္မကထိက ပုပ္ပားစကားဝါမြေ ဆရာတော် ဘဒ္ဒန္တပညာဝံသသည် ၁၃၇၀ ပြည့်နှစ် ဝါတွင်းကာလ သီလပေးတရားပွဲများကို လပြည့်နေ့နှင့် လကွယ်နေ့တိုင်း နံနက်၉နာရီတွင် လှိုင်မြို့နယ် (၇)ရပ်ကွက်ကျောင်းကုန်း (၂)လမ်းရှိ သဏ္ဍိသုခဓမ္မာရုံ၏ ဗုဒ္ဓဟူး ဆွမ်းလောင်းအသင်း၌လည်းကောင်း၊ နံနက် ၁၀ နာရီတွင် လှိုင်မြို့နယ် (၁၃)ရပ်ကွက် အသောကလမ်းရှိ အသောကဆွမ်းလောင်းဓမ္မာရုံ၌လည်းကောင်း သီလပေးတရားနှင့် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားချီးမြှင့်တော်မူမည်ဖြစ်သည်။ (က-ပ)

ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်ရန် အထူးကုအဖွဲ့ဝင်များထွက်ခွာ

ရန်ကုန် ဇူလိုင် ၂၉

ကျန်းမာရေးဝန်ကြီးဌာန၏ စီစဉ်ဆောင်ရွက်မှုဖြင့် လေဘေးသင့်ဒေသ ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးဌာနပိုင်သင်္ဘောများကို ဆေးရုံသင်္ဘောများအဖြစ် အသုံးပြု၍ သမားတော်များ၊ အထူးကု ဆရာဝန်များ၊ လက်ထောက်ဆရာဝန်များ၊ သူနာပြုများ ပါဝင်သော အဖွဲ့ဝင်များသည် ယနေ့နံနက် ၇ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး အရှေ့ပေါ်နှင့် ပြင်ပလူနာဌာနရှိ ကျန်းမာရေးဝန်ကြီးဌာန ယာယီကွပ်ကဲမှုရုံးခန်း စုရပ်မှ စတင်ထွက်ခွာသွားကြသည်။

အဆိုပါ အထူးကု ကွင်းဆင်းကုသရေးအဖွဲ့ဝင်များတွင် သယ်န်းကျွန်းစံပြဆေးရုံကြီးမှ သမားတော်ဒေါက်တာခင်စန်းအေးခေါင်းဆောင်သောအဖွဲ့ဝင်ခုနစ်ဦးသည်လပွတ္တာမြို့နယ်ရှိ ဝရဇိန်ဆေးရုံ သင်္ဘောသို့လည်းကောင်း၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ သမားတော်ဒေါက်တာဥမ္မာ ခေါင်းဆောင်သော အဖွဲ့ဝင်ခြောက်ဦးသည် ဖျာပုံမြို့နယ် အခြေစိုက် ဆင်ကံဆေးရုံသင်္ဘောသို့လည်းကောင်း၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ သမားတော်ဒေါက်တာမြင့်မြင့်အေး ခေါင်းဆောင်သော အဖွဲ့ဝင်ခြောက်ဦးတို့သည်ဘိုကလေးမြို့နယ် အခြေစိုက် တိမ်နီဆေးရုံသင်္ဘောသို့လည်းကောင်းသွားရောက်၍ ယနေ့မှ ဩဂုတ် ၁၁ ရက်အထိ တာဝန်ထမ်းဆောင်ကြမည်ဖြစ်သည်။

အဆိုပါ ဆေးရုံသင်္ဘောများတွင် တာဝန်ထမ်းဆောင်ကြမည့် အဖွဲ့ဝင်များအား ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်ဒေါက်တာဝင်းမြင့်နှင့် တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြပြီး လိုအပ်သော ဆေးဝါးပစ္စည်းများ ပံ့ပိုးကူညီဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မင်္ဂလာဈေးဓမ္မာရုံ ဝါတွင်းတရားပွဲ

ရန်ကုန် ဇူလိုင် ၂၉

ဗဟန်းမြို့နယ်ရွှေတိဂုံစေတီတော် အရှေ့ဘက် မုခ်အနီး ကြေးသွန်းဘုရားကြီးရှေ့၌ မင်္ဂလာဈေး ဓမ္မာရုံတွင် ဝါတွင်း အထူးတရားပွဲများကို ကျင်းပမည်ဖြစ်သည်။ ဇူလိုင် ၃၁ ရက်တွင် ဒေါက်တာ အရှင်ကိတ္တိဗလ (B.A.M.A, Ph. D သီတဂူပါမောက္ခ) နှင့် ဩဂုတ် ၅ရက်တွင် သီတဂူ ဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရ (အဂ္ဂမဟာပဏ္ဍိတ D. Litt. Ph. D) တို့က ညစဉ် ၇နာရီတွင် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားမည်ဖြစ်၍ မည်သူမဆို တရားနာကြွရောက်နိုင်ကြောင်းသိရသည်။ (ကြေးမုံ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၃၀-၇-၂၀၀၈ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	မျိုးမြိုးကြွကြွယဉ်ကျေးမှုအက
၇း၅၅	၅။	အတီးပြိုင်ပွဲ
၈း၁၀	၆။	မြန်မာ့မီးရထားအားမာန်
၈း၂၀	၇။	တေးဂီတအစီအစဉ်
၈း၃၀	၈။	International News
၈း၄၅	၉။	အကပြိုင်ပွဲ
၉း၀၀	၁၀။	အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး စစ်သည်တေး
၄း၁၀	၂။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၄း၂၀	၃။	သီချင်းကြီးပဒေသာ
၄း၃၀	၄။	အတီးပြိုင်ပွဲ
၄း၄၅	၅။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄း၅၅	၆။	တေးဂီတအစီအစဉ်
၅း၁၀	၇။	ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
၅း၂၀	၈။	ရသပေါ်လွင်သရုပ်ဆောင်လွှင်ပြင်
၆း၀၀	၉။	ညနေခင်းသတင်း
၆း၁၀	၁၀။	မိုးလေဝသအခြေအနေ
၆း၁၅	၁၁။	မြန်မာ့လေ့ရိုးရာလက်ဖွဲ့
၆း၅၀	၁၂။	ထက်မြက်ပျော်ရွှင်အိမ်ထောင်ရှင်
၇း၁၀	၁၃။	အဆိုပြိုင်ပွဲ
၇း၄၀	၁၄။	ကြေးမုံရိုပ်သွင်တေးနုယဉ်
၈း၀၀	၁၅။	ပြည်တွင်းသတင်း
	၁၆။	နိုင်ငံတကာသတင်းများ
	၁၇။	မိုးလေဝသအခြေအနေ
	၁၈။	မြန်မာရုပ်ရှင် **"မာယာရထား" (လွင်မိုး၊ ထွန်းအိန္ဒြာဗို၊ နန္ဒာလှိုင်၊ ကြည်လဲ့လဲ့ဦး။ သင်းရန်)(ဒါရိုက်တာ-အိအိခိုင်)**
	၁၉။	အစီအစဉ်ပြီး၏။

မြန်မာကဗျာရေစီး (ဂန္ထဝင်+ခေတ်ပေါ်ကဗျာများ) ကဗျာစာအုပ်ထုတ်ဝေ

ရန်ကုန် ဇူလိုင် ၂၉

မြန်မာကဗျာရေစီး (ဂန္ထဝင်+ခေတ်ပေါ်ကဗျာများ) အမည်ဖြင့် ကဗျာစာအုပ်ထုတ်ဝေပွဲ အခမ်းအနားကို ယနေ့ နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် စာပေဗိမာန်အနီးရှိ ဇင်မင်းအောင် လက်ဖက်ရည်ဆိုင်၌ ကျင်းပရာ ဦးစိုးညွှန့် (ကဗျာစာဆိုဆရာကြီး ဒေါက်တာထီလာစစ်သူ)က "မြန်မာ့ကဗျာသမိုင်းနှင့် ခေတ်ပေါ်ကဗျာများ" အကြောင်းကို ဟောပြောဆွေးနွေးသည်။

ဂန္ထဝင်ကဗျာခြောက်ပုဒ်

ယင်းနောက် စီစဉ်သူ မင်းရိုးယဉ်က စာအုပ်ထုတ်ဝေရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယခုထုတ်ဝေသော စာအုပ်တွင် ဂန္ထဝင်ကဗျာ ခြောက်ပုဒ်နှင့် ခေတ်ပေါ်ကဗျာများ ပါဝင်သည်။ (သတင်းစဉ်)

ဒလမြို့နယ်မြို့မ (၄)ရပ်ကွက် ရာဇာဓိရာဇ်လမ်းနေ ဦးသက်ဦး၏သားများဖြစ်ကြသော မောင်နေလင်း(အဌမတန်း-က)၊ မောင်ခန့်ဇော်ထက် (ဆဌမတန်း-ခ)တို့က မွေးနေ့အတွက် အာဟာရဒါနအဖြစ်မြို့မ(၂)ရပ်ကွက်ရှိအမှတ်(၂)အခြေခံပညာ အလယ်တန်းကျောင်းမှ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများအား ဇူလိုင် ၂၃ ရက်က ကြာဆံကြော်၊ ခေါက်ဆွဲကြော်များကို ကျွေးမွေးစဉ်။ (စာပေ/စာနယ်ဇင်း)

ဟားမတ်စ်က ပါလက်စတိုင်း ၁၂၀ ကို ဂါဇာတွင်ဖမ်းဆီး

ဂါဇာ ဇူလိုင် ၂၈

ဂါဇာကမ်းမြောင်ဒေသတွင်ဟားမတ်စ် သေနတ်သမားခြောက်ဦးနှင့်မိန်းကလေး တစ်ဦးသေဆုံးသော ပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် ဟားမတ်စ်လုံခြုံရေး တပ်ဖွဲ့ဝင်များသည် ပြိုင်ဘက်ဖာတာ သို့ယိမ်းသော ပါလက်စတိုင်း ၁၂၀ ကို စနေနေ့တွင် ဖမ်းဆီးခဲ့ကြောင်း ဖာတာ၏တာဝန်ရှိသူများကပြောကြား သည်။

ဂါဇာကမ်းမြောင်ဒေသကို အုပ်ချုပ် နေသော အစ္စလာမ္မစ် ဟားမတ်စ် အုပ်စုမှ အဖွဲ့ဝင်များ စီးသောကား၏ နောက်နားတွင် ပေါက်ကွဲမှုဖြစ်ရာ မိန်းကလေးတစ်ဦးနှင့် ဟားမတ်စ် လက်နက်ကိုင်သုံးဦး သေဆုံးခဲ့သည်။ ဒဏ်ရာရရှိသွားသူနှစ်ဦးမှာ ဆေးရုံ တွင်သေဆုံးကြောင်း ဟားမတ်စ်နှင့် ဆေးရုံမှတာဝန်ရှိသူများကပြောကြား သည်။ ***အမ်အင်အေ၊ ရိုက်တာ။***



တရုတ်နိုင်ငံ ပေကျင်းမြို့ရှိ သစ်ပင်ပန်းပင် အမျိုးကွဲ ပေါင်းများစွာ စိုက်ပျိုးပြသ ထားသော ရုက္ခဗေဒဥယျာဉ် ကို ဇူလိုင် ၂၉ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ရေနံအလုပ်သမား ရှစ်ဦး နိုင်ဂျီးရီးယားတွင် ပြန်လွတ်လာ

လေဂို့စ် ဇူလိုင် ၂၈

နိုင်ဂျီးရီးယားနိုင်ငံ နိုင်ဂျာမြစ်ဝ ကျွန်းပေါ် ကမ်းလွန်ရှိသင်္ဘောတစ်စင်း ပေါ်မှစနေနေ့တွင် ဖမ်းဆီးသွားသော နိုင်ငံခြားသား ရေနံအလုပ်သမား ရှစ်ဦးကို သေနတ်သမားများက ပြန်လွှတ်ပေးကြောင်း၊ သို့သော် အခြားတစ်နေရာမှ ဖမ်းခေါ်သွား သောရှစ်ဦးကိုမူ ဆက်လက်ချုပ်နှောင် ထားကြောင်း လုံခြုံရေးတာဝန်ရှိသူ များက ပြောကြားသည်။

မြစ်ဝကျွန်းပေါ်ဒေသ ဘွန်နီမြစ်ဝ အလွန်တွင် ဓာတ်ငွေ့သင်္ဘော တစ်စင်းပေါ်မှ ရုရှား၊ လတ်ဗီးယားနှင့် လစ်သူယေးနီးယားလူမျိုး ရှစ်ဦးကို စနေနေ့စောစောပိုင်းက ဖမ်းဆီး သွားသည်။

နိုင်ဂျာမြစ်ဝကျွန်းပေါ် ဒေသ အရှေ့ပိုင်းရှိ အစိုးရတပ်ဖွဲ့မှ ပြောရေး ဆိုခွင့်ရှိသူ ဒုတိယဗိုလ်မှူးကြီး ဆာဂျီ ယာမူဆာက အဆိုပါ ရှစ်ဦးအား ဖမ်း ဆီးသူများသည် မည်သည့်တောင်းဆို ခြင်းမျိုးမှမလုပ်ဘဲ ပြန်လွှတ်ပေးခဲ့ ခြင်းဖြစ်ကြောင်း ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

တောင်ကိုရီးယားတွင် မိုးသည်းထန်စွာရွာ ခုနစ်ဦးသေဆုံး

ဆိုးလ် ဇူလိုင် ၂၈

တောင်ကိုရီးယားနိုင်ငံ အနှံ့အပြားတွင် စနေနေ့ အထိလေးရက်ဆက်တိုက် မိုးသည်းထန်စွာ ရွာသွန်းခဲ့ရာ ခုနစ်ဦးသေဆုံးပြီး ခြောက်ဦးပျောက်ဆုံးလျက်ရှိကြောင်း၊ မိုးဆက်လက်ရွာမည်ဟု မျှော်လင့်ရကြောင်း အရေးပေါ် ဌာနကပြောကြားသည်။

နိုင်ငံတစ်ဝန်းတွင် အိုးအိမ် ၆၀၀ ခန့်သည် ရေလွှမ်း မိုးခြင်းသို့မဟုတ်မြေပြိုခြင်းဒဏ်ခံရသည်။ မြို့တော်ဆိုးလ် ၏ တောင်ပိုင်းနှင့် မြောက်ပိုင်းဂျုန်းဆန်ဒေသများတွင် စိုက်ပျိုးမြေ ဟက်တာ ၁၂၀၀ ကျော် ရေနစ်မြုပ်ခဲ့ ကြောင်း အမျိုးသား အရေးပေါ်စီမံခန့်ခွဲရေးဌာနက ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

အီရန်သူပုန်များက ဓားစာခံနှစ်ဦးကိုသတ်

ဒူဘိုင်း ဇူလိုင် ၂၈

ဆွန်နီသူပုန်အုပ်စုတစ်စုသည် ဖမ်း ဆီးထားသော ဓားစာခံ အီရန်ရဲတပ်ဖွဲ့ ဝင်နှစ်ဦးကိုသတ်ပစ်လိုက်ပြီဖြစ်ကြောင်း၊ ၎င်းတို့၏ တောင်းဆိုချက်ကို မလိုက် လျောလျှင် ဆက်လက်သတ်ဦးမည် ဖြစ်ကြောင်း ဗီဒီယိုရိုက်ကူး၍ တင်ပြ လိုက်သည်ကို "အယ်လ်အာရေ ဗီးယား" ရုပ်သံက စနေနေ့တွင် ထုတ် လွှင့်သွားသည်။

ရုပ်မြင်သံကြားမှ ထုတ်လွှင့်သော ဂျန်ဒိုလ်လပ်ချ် အမည်ရှိ အဖွဲ့၏ ဗီဒီယိုတွင် သေဆုံးသူနှစ်ဦး၏ ရုပ် အလောင်းကိုပြသသွားသည်။ အီရန် အစိုးရက ၎င်းသူပုန်အုပ်စုနှင့် စေ့စပ် ဆွေးနွေးရန် ငြင်းဆိုကြောင်း "အယ်လ် အာရေဗီးယား" က ပြောကြားသည်။

လွန်ခဲ့သည့်လက ရဲတပ်ဖွဲ့စခန်း တစ်ခုကို ဓားပြများက တိုက်ခိုက်ပြီး တပ်ဖွဲ့ဝင် ၁၆ဦးကို အိမ်နီးချင်း ပါကစ္စတန်နိုင်ငံသို့ ခေါ်ဆောင်သွား သည်ဟု အီရန်က ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

အီရန်က လုံခြုံရေးကောင်စီအဖွဲ့ဝင်ဖြစ်ရေးအတွက် ဘက်မလိုက်နိုင်ငံများ၏ ထောက်ခံမှုကိုရရန် ကြိုးစား

တီဟီရန် ဇူလိုင် ၂၉

ဘက်မလိုက် လှုပ်ရှားမှုအဖွဲ့(နမ်) အဖွဲ့ဝင်နိုင်ငံများအား အမြဲတမ်းအဖွဲ့ ဝင်မဟုတ်သော ကုလသမဂ္ဂလုံခြုံ ရေးကောင်စီ အဖွဲ့ဝင်ဖြစ်ရေးကို ထောက်ခံကြပါရန် အီရန်နိုင်ငံခြား ရေးဝန်ကြီး မနူရှီဟာမော့တာကီက တနင်္ဂနွေနေ့က တောင်းဆိုကြောင်း အိုင်အာရ်အန်အေ သတင်းဌာနက ဖော်ပြသည်။

လုံခြုံရေးကောင်စီ ၂၀၀၉-၂၀၁၀ သက်တမ်းအတွက် အမြဲတမ်းအဖွဲ့ဝင် မဟုတ်သော အဖွဲ့ဝင်အဖြစ် အီရန် နိုင်ငံကို အမည်စာရင်းတင်သွင်းထား ကြောင်း၊ ရွေးချယ်ပွဲကို မကြာမီ နယူးယောက်မြို့တွင် ကျင်းပမည်ဖြစ် ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီး မော့တာကီက တီဟီရန်တွင် ကျင်းပ သော ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၏ (၁၅) ကြိမ်မြောက် ကျွမ်းကျင်သူများ အစည်းအဝေးဖွင့်ပွဲတွင် ပြောကြား သည်။

နန်အဖွဲ့ဝင်နိုင်ငံများသည် စိန် ခေါ်မှုကြီးများဖြစ်သော စိုးရိမ် ဖွယ်ရာကောင်းသည့် ငြိမ်းချမ်းရေး၊ လုံခြုံရေး၊ စီးပွားရေးတိုးတက်မှု၊ လူမှု ရေးတိုးတက်မှုနှင့် ဥပဒေအုပ်စိုး ခြင်းတို့နှင့် ရင်ဆိုင်နေရပြီဖြစ်သည်ဟု မော့တာကီက ထောက်ပြသွားသည်။

အဆိုပါ စိန်ခေါ်မှုများကို ဖြေရှင်း ရန်အတွက် နိုင်ငံတကာ စည်းလုံး ညီညွတ်ရေးနှင့် နန်၏ မျှော်မှန်းချက် များကို ထောက်ခံပေးရန် လိုအပ် ကြောင်း ၎င်းက ထပ်မံပြောကြား သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ကြေးမုံ The Mirror နိုင်ငံတကာသတင်းများ

ဇူလိုင် ၂၆ရက်က အာဂျင် တီးနားနိုင်ငံ ဗျူနိုအေရီးမြို့ လိုမတ်စ်ဒီဇာမိုလာ အရပ်တွင် ရထားတစ်စင်းက ကားတစ် စီးကိုဝင်တိုက်ရာ အနည်းဆုံး လူလေးဦး သေဆုံးခဲ့ရသည်။ ပုံတွင် မီးသတ်တပ်ဖွဲ့ဝင်များက အခင်းဖြစ်ပွားရာ နေရာကို ရှင်းလင်းနေကြစဉ်။

(ဓာတ်ပုံ-အင်တာနက်)

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တွင် ရဲတပ်ဖွဲ့နှင့် ဆန္ဒပြသူ များ ရုန်းရင်းဆန်ခတ်ဖြစ်နေကြသည်ကို ဇူလိုင် ၂၆ ရက်က တွေ့ရ စဉ်။

(ဓာတ်ပုံ-အင်တာနက်)

နေတိုးပစ်ခတ်မှုကြောင့် အာဖဂန်အရပ်သားလေးဦးသေဆုံး

ကဘူးလ် ဇူလိုင် ၂၈

မြောက်အတ္တလန္တိတ် စာချုပ်အဖွဲ့ (နေတိုး)သည် အာဖဂန်နစ္စတန်တောင်ပိုင်း၊ ဟဲလ်မန်ပြည်နယ်တွင် စနေနေ့က စစ်ဆေးရေးဂိတ်တစ်ခု၌ ရပ်တန့်ခိုင်းသည်ကို မလိုက်နာခဲ့သော မော်တော်ယာဉ်တစ်စီးကို ပစ်ခတ်ခဲ့ရာ အာဖဂန်အရပ်သား လေးဦးသေဆုံးပြီး သုံးဦး ဒဏ်ရာ ရရှိကြောင်း နေတိုးတပ်ဖွဲ့က ပြောကြားသည်။

လွန်ခဲ့သည့်လအတွင်းက နိုင်ငံတကာ တပ်ဖွဲ့များ၏ ပစ်ခတ်မှုကြောင့် အရပ်သားများ သေဆုံးရခြင်းအပေါ် အာဖဂန်ပြည်သူများ၏ ဒေါသပေါက်ကွဲမှုမှာ ကြီးမားလာ ခဲ့သည်။

ဟဲလ်မန်ပြည်နယ်စန်ကျင်ခရိုင်တွင် မော်တော်ယာဉ် တစ်စီး မောင်းနှင်လာရာ စစ်ဆေးရေးဂိတ်တစ်ခုအနီးသို့ အရောက်၌ရပ်တန့်ရန်အတွက်အမိန့်ပေးခဲ့သော်လည်းမရပ် ဘဲဆက်မောင်းသည်ဟု နိုင်ငံတကာ လုံခြုံရေး အထောက် အကူပြုတပ်ဖွဲ့ (အိုင်အက်စ်အေအက်ဖ်) ၏ ကြေညာ ချက်တွင်ဖော်ပြထားသည်။ အိုင်အက်စ်အေအက်ဖ် တပ်ဖွဲ့ ဝင်များက အဆိုပါမော်တော်ယာဉ်ကို မထိမှန်စေဘဲ သတိ ပေးပစ်ခတ်ခဲ့သည်ဟု ဆိုသည်။ သို့သော်ကားသည် မရပ် သည့်အတွက် သူပုန်များဟုသံသယရှိသောကြောင့် နောက် ဆုံးအဆင့်တွင်မှ ပစ်ခတ်လိုက်ခြင်းဖြစ်ကြောင်း အစီရင် ခံစာတွင်ရေးသားထားသည် ဟဲလ်မန်ရှိ အိုင်အက်စ်အေ အက်ဖ်တပ်ဖွဲ့ဝင် အများစုမှာ ဗြိတိသျှများဖြစ်သည်။

အိုင်အက်စ်အေအက်ဖ်က ကားမောင်းသူ၏ စဉ်းစား ဆင်ခြင်ဉာဏ်ကင်းမဲ့စွာ ပြုမူမှုကြောင့် ပေါ်ပေါက်ရသော ထိုအဖြစ်ပျက်အား အလွန်ဝမ်းနည်းကြောင်း ပြောကြား သည်။ ယင်းကိစ္စကို စုံစမ်းစစ်ဆေးမှု ပြုလုပ်မည်ဟု ဆိုသည်။ ယခုနှစ် ပထမခြောက်လအတွင်း အာဖဂန်နှင့် နိုင်ငံခြားတပ်ဖွဲ့များ၏ ပစ်ခတ်မှုကြောင့် သေဆုံးသူ အရပ် သား ၂၅၀ကျော် ရှိပြီဖြစ်ကြောင်း ကုလသမဂ္ဂက ပြောကြားသည်။ သေဆုံးသူအများစုမှာ လေကြောင်းမှ တိုက်ခိုက်မှုကြောင့်သေဆုံးရခြင်းဖြစ်သည်ဟုဆိုသည်။

အမ်အင်အေ၊ရိုက်တာ။

မက္ကဆီကိုကမ်းခြေ၌ ပင်လယ်လိပ် အများအပြား သေဆုံးနေသည်ကို တွေ့ရ

မက္ကဆီကိုစီးတီး ဇူလိုင် ၂၈

အကာပူးလ်ကိုအပန်းဖြေကမ်းခြေတောင်ပိုင်းဝန်းကျင် နှင့် မက္ကဆီကိုကမ်းခြေများတွင် မျာမကြာမီရက်များက ပင်လယ်လိပ်များ ဒါဇင်ပေါင်းများစွာ သေဆုံး နေသည်ကို တွေ့ရှိရကြောင်း မက္ကဆီကို အာဏာပိုင်များ၏ ပြောကြားချက်ကို စနေနေ့ထုတ် ပြည်တွင်းသတင်းဌာနက ဖော်ပြသည်။ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့က သေဆုံးနေသည့်အိုလစ်ဗာရစ်လေပင်လယ်လိပ်၅၉ ကောင် ကို တွေ့ရှိကြောင်း၊ အချို့မှာ ငါးဖမ်းပိုက်များကြောင့် သေဆုံးရကြောင်း ပြောကြားသည်။

ပုံမှန်အားဖြင့် နှစ်ပေမှ နှစ်ပေခွဲ အရွယ်အစား ရှိသောအိုလစ်ဗာရစ်လေပင်လယ်လိပ်များသည်အသေးဆုံး နှင့် အများအပြားတွေ့ရသော ပင်လယ်လိပ်များဖြစ်သည် ဟုဆိုသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အဲယားဘတ်စ် ကုမ္ပဏီက အင်းမရိတ်လေကြောင်းလိုင်းသို့ အေ ၃၈၀ လေယာဉ်တစ်စင်းအား လွှဲပြောင်းပေးအပ်သောအခမ်းအနားပြုလုပ်နေသည်ကို ဇူလိုင် ၂၈ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဆာအတ်ညီလာခံ စတင်ဖွင့်လှစ်

ကိုလံဘို ဇူလိုင် ၂၉

တောင်အာရှနိုင်ငံများဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(ဆာအတ်) ညီလာခံကို အဖွဲ့ဝင်နိုင်ငံများ၏ နိုင်ငံခြားရေး ဝန်ကြီးဌာနများမှ ထိပ်တန်းအရာရှိများ တက်ရောက်သည့် နှစ်ရက်ကြာ ဆွေးနွေးပွဲကို တနင်္ဂနွေနေ့က ကိုလံဘိုမြို့တွင် စတင်ဖွင့်လှစ်ခဲ့ကြောင်း သီရိလင်္ကာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အရာရှိများက ပြောကြားသည်။

ဆာအတ်၏၁၅ကြိမ်မြောက်ညီလာခံသို့ အိမ်ရှင် သီရိလင်္ကာ၊ အိန္ဒိယ၊ ပါကစ္စတန်၊ ဘင်္ဂလားဒေ့ရှ်၊ နီပေါ၊ ဘူတန်၊ မော်လဒိုက်နှင့် အာဖဂန်နစ္စတန်နိုင်ငံတို့ တက်ရောက်ကြသည်။

သီရိလင်္ကာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ထိပ်တန်းအရာရှိ ဂရေ့စ် အေဘာဝသန်ကို ဝန်ကြီးများကောင်စီအစည်းအဝေးက ၃၃ ကြိမ်မြောက် အခမ်းအနား၏ သဘာပတိအဖြစ် ရွေးချယ်ခဲ့သည်။ နိုင်ငံအကြီးအကဲများ သို့မဟုတ် အစိုးရအဖွဲ့အကြီးအကဲများသည် ဩဂုတ် ၂ ရက်နှင့် ၃ ရက်တို့တွင် တွေ့ဆုံဆွေးနွေးကြမည်ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

နီပေါသမ္မတသစ် ပထမဆုံး မိန့်ခွန်းပြောကြား

ခတ္တမန္ဒူ ဇူလိုင် ၂၉

နီပေါသမ္မတရန်းဘာရမ်ရာဒက်ဗ်က တနင်္ဂနွေနေ့ ညနေပိုင်းတွင် ပထမဆုံးအကြိမ် နိုင်ငံသို့ မိန့်ခွန်းပြောကြားရာတွင် အမျိုးသားစည်းလုံးညီညွတ်ရေး တည်ဆောက်ရန် ပြောကြားသွားသည်။

မြို့တော်ခတ္တမန္ဒူရှိ သမ္မတအိမ်တော် တယ်လီဗစ်မှနိုင်ငံသို့ ပထမဆုံးအကြိမ် မိန့်ခွန်းပြောကြားရာတွင် ရာဒက်ဗ်က မျိုးနွယ်စုများအားလုံး တစ်စိတ်တစ်ဝမ်းတည်းရှိရေးအတွက် တစ်မျိုးသားလုံး စည်းလုံးညီညွတ်ကြရန် တိုက်တွန်းလိုက်သည်။ သမ္မတက အခြေခံဥပဒေအသစ်ရေးဆွဲရာ၌အချိန်ကာလသတ်မှတ်ရေးနှင့်ငြိမ်းချမ်းရေးလမ်းစဉ်၏အသီးအပွင့်များကိုရရှိရေးကို အပြည့်အဝထောက်ခံ၍ ညှိနှိုင်းဆောင်ရွက်ရေးတွင် အဓိကအခန်းမှ တာဝန်ယူမည်ဖြစ်ကြောင်း ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အာဖဂန်သို့ စစ်သွေးကြွများ ဖြတ်သန်းရာ အဓိကလမ်းကြောင်း အီရန်နိုင်ငံဖြစ်လာဟု အာဖဂန်သတင်းစာက ရေးသားဖော်ပြ

ကဘူးလ် ဇူလိုင် ၂၉

အာဖဂန်နစ္စတန် အစိုးရသတင်းစာ တစ်စောင်က အာဖဂန်နစ္စတန်ရှိ သူပုန်များနှင့် ပူးပေါင်းရန် ကြိုးစားနေသော စစ်သွေးကြွများအတွက် အဓိကဖြတ်သန်းရာ လမ်းကြောင်းသည် အီရန်နိုင်ငံ ဖြစ်လာကြောင်း တနင်္ဂနွေနေ့က ရေးသားလိုက်သည်။

အာဖဂန်နစ္စတန်သို့ တပ်ဖွဲ့များ စေလွှတ်ထားသော အနောက်နိုင်ငံအချို့က အာဖဂန်နစ္စတန်ရှိ တာလီဘန်များထံသို့ ပေးပို့သော အီရန်မှ လက်နက်များကို ဖမ်းဆီးရမိခဲ့ကြောင်း ပြောကြားပြီး ဖြစ်သည်။ သို့သော် ထိုလက်နက်များ ပေးပို့သည့်ကိစ္စအား အီရန်အစိုးရက သိမသိဟူသော အချက်မှာ မသေချာဟုဆိုသည်။

ငြင်းဆို

အီရန်အစိုးရက အာဖဂန်နစ္စတန်မှတာလီဘန်များကို ရန်ပုံငွေ ထောက်ပံ့ခြင်း၊လက်နက်တပ်ဆင်ပေးခြင်းများ မပြုလုပ်ကြောင်းငြင်းဆိုထားသည်။

ဖော်ပြ

မကြာမီက အာဖဂန်နစ္စတန်တွင် စစ်ဆင်ရေးတစ်ရပ် ဆောင်ရွက်စဉ် နိုင်ငံခြားသား စစ်သွေးကြွ သုံးဦးကို ဖမ်းမိကြောင်း၊ နှစ်ဦးမှာ အရှေ့အလယ်ပိုင်းမှဖြစ်ပြီး ကျန်တစ်ဦးမှာ တူရကီနိုင်ငံမှဖြစ်ကြောင်း၊ စုံစမ်းစစ်ဆေးရာ၌ ၎င်းတို့ သုံးဦးသည် အီရန်နိုင်ငံမှတစ်ဆင့် လာသည်ဟု သိရကြောင်း အေနစ်သတင်းစာက ဖော်ပြသည်။

အမ်အင်အေ၊ရိုက်တာ။

အမေရိကန်ရဲအရာရှိဟောင်းကို လူသတ်မှုဖြင့် စွပ်စွဲ

ဝါရှင်တန် ဇူလိုင် ၂၉

အမေရိကန်နိုင်ငံတွင် လက်ထိတ်ခတ်ခံထားရသော လူမည်းလူငယ်တစ်ဦးကို လျှပ်စစ်တေဆာသေနတ်ဖြင့် သေစေသည်အထိ ပြုလုပ်ခဲ့သော ရဲတပ်ဖွဲ့အရာရှိဟောင်းတစ်ဦးသည် တရားရုံး တွင် ရာဇဝတ်မှုဖြင့် ရင်ဆိုင်ရဖွယ်ရှိကြောင်း လူဝီစီးယားနားပြည်နယ် အစိုးရရှေ့နေက တနင်္လာနေ့တွင် ပြောကြားလိုက်သည်။

ဇန်နဝါရီလ ၁၇ ရက်က အသက်(၂၁)နှစ်ရှိ ဘာရွန်ပီကီကို မူးယစ်ဆေးဝါးလက်ဝယ်ရှိသည်ဟု သံသယမှုနှင့် နယူးအော်လန်ပြည်နယ် ဝင်ပါရစ်ခရိုင်တွင် ဖမ်းဆီးခဲ့သည်။ ရဲအရာရှိဟောင်း စကော့နျူဂျင့်က ၎င်းလူငယ်ကို လက်ထိတ်ခတ်ခဲ့ပြီးနောက် ဗို့အား ၅၀၀၀၀ ရှိ တေဆာသေနတ်ဖြင့် ကိုးကြိမ်တိုင်တိုင် တုန်လှုပ်ချောက်ချားသွားရန် လုပ်ခဲ့ကြောင်း ရှေ့နေ ခရစ်နီဗီလ်းက ပြောသည်။

ရဲအရာ စကော့နျူဂျင့်ကို မေလအတွင်းက အလုပ်မှထုတ်ပယ်ခဲ့သည်။ စစ်ဆေးရေးအရာရှိ ရမ်ဒူးလ်ဝီလျံက ပီကီး၏ သေဆုံးမှုကို လူသတ်မှုအဖြစ် ဆုံးဖြတ်သည်။ ပီကီသည် လက်ထိတ်ခတ်ခံထားရစဉ် တေဆာသေနတ်ကြောင့် ကိုးကြိမ်တိတိ အထိတ်တလန့်ဖြစ်ခဲ့ရပြီး နောက်ဆုံးနှစ်ကြိမ်တွင် နာကျင်မှုသော်လည်းကောင်း အာရုံကြောများ၏ တုံ့ပြန်မှုသော် လည်းကောင်း မပြခဲ့ဟု အရာရှိက ပြောသည်။

ရှေ့နေ နီဗီလ်းက အဆိုပါအမှုကို စွဲချက်တင်ရန် အထောက်အထားခိုင်လုံမှု ရှိမရှိ ဆုံးဖြတ်ရေးအတွက် ခုံသမာဓိအဖွဲ့တစ်ဖွဲ့သို့ တင်ပြီးကြောင်းပြောသည်။ ၎င်းအဖွဲ့က ဩဂုတ် ၂ ရက်တွင် သက်သေခံအထောက်အထားများကို စတင်ကြားရန် ဆုံးဖြတ်ခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

ဘဂ္ဂဒက်တွင် အသေခံဗုံးခွဲတိုက်ခိုက် ၅၇ ဦး သေဆုံး၊ ၃၀၀ နီးပါး ဒဏ်ရာရရှိ

ဘဂ္ဂဒက် ဇူလိုင် ၂၈

အီရတ်နိုင်ငံ ဘဂ္ဂဒက်ရှိ ရှီယိုက်ဘုရားဖူးများ စုဝေးရာနေရာနှင့် နိုင်ငံမြောက်ပိုင်းကာ့ဒ်ဒေသတွင် အသေခံဗုံးခွဲတိုက်ခိုက်မှုများ ဇူလိုင် ၂၈ ရက်တွင် အနည်းဆုံး ၅၇ ဦး သေဆုံးပြီး ၃၀၀ နီးပါး ဒဏ်ရာရရှိသွားကြောင်း ရဲတပ်ဖွဲ့မှလာသောသတင်းက ဖော်ပြသည်။

အသေခံဗုံးခွဲ

ဘဂ္ဂဒက်မြို့၌ သွားလာနေကြသော ဘုရားဖူးများအကြားကာရာဒါခရိုင်တွင် အမျိုးသမီးသုံးဦးက အသေခံ ဗုံးခွဲတိုက်ခိုက်ရာ အနည်းဆုံး ၃၂ ဦး သေဆုံး ပြီး ၁၀၂ဦး ဒဏ်ရာရရှိသွားကြောင်း အာဏာပိုင်များကပြောကြားသည်။ နိုင်ငံမြောက်ပိုင်း ရေနံပေါကြွယ်ရာဒေသရှိ ကယ်ကွတ်မြို့တွင် ပြည်သူများက ကြားဖြတ် ရွေးကောက်ပွဲဆိုင်ရာဥပဒေနှင့်စပ်လျဉ်း၍ ကန့်ကွက်ဆန္ဒပြနေစဉ် လူအုပ်အတွင်း ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ ပြည်သူ ၂၅ ဦး သေဆုံးပြီး ၁၈၅ ဦးဒဏ်ရာရရှိသွားကြောင်း သက်ဆိုင်ရာအရာရှိများက ပြောကြားသည်။

ယုံကြည်မှုပျက်ပြား

လောလောဆယ် အချိန်အတွင်း အီရတ်နိုင်ငံ၌ တိုက်ခိုက်မှုများ လေးနှစ်အတွင်း အနိမ့်ဆုံးအဆင့်သို့ရောက်လာ၍ ပြည်သူများက အုပ်ချုပ်ရေးအပေါ် ယုံကြည်မှုတိုးလာနေစဉ်တွင် ယခုကဲ့သို့ ဗုံးခွဲတိုက်ခိုက်မှုများကြောင့် ပြည်သူ့ယုံကြည်မှုကို ပျက်ပြားသွားစေနိုင်သည်ဟုဆိုသည်။ ***အင်တာနက်။***

ဂျပန်နိုင်ငံ တိုကျိုမြို့ ဂင်ဇာရပ်ကွက်ရှိ ငါးပြခန်းအတွင်း ပြသထားသော အပူပိုင်းဒေသ ငါးမျိုးအချို့ကို ဇူလိုင် ၂၈ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

သီရိလင်္ကာတွင် တိုက်ပွဲများဆက်လက်ဖြစ်ပွား သူပုန် ၆၆ ဦးနှင့် တပ်ဖွဲ့ဝင် ရှစ်ဦးသေဆုံး

ကိုလံဘို ဇူလိုင် ၂၉

သီရိလင်္ကာအစိုးရတပ်ဖွဲ့များသည် တမီးလ်ကျားသူပုန်များကို ဆက်လက်၍ ထိုးစစ်ဆင်နွှဲလျက်ရှိရာ နှစ်ရက်ကြာတိုက်ခိုက်သည့် မြောက်ပိုင်းတိုက်ပွဲအတွင်း၌ သူပုန် ၆၆ ဦးကို သုတ်သင်နိုင်ခဲ့ပြီး တပ်ဖွဲ့ဝင်ရှစ်ဦး သေဆုံးကြောင်း အစိုးရတပ်ဖွဲ့က စနေနေ့တွင် ပြောကြားသည်။

တမီးလ်ကျားသူပုန်အဖွဲ့(အယ်လ်တီတီအီး)၏ ဇူလိုင်၂၆ရက်မှ ဩဂုတ် ၄ရက်နေ့အထိ တစ်ဖက်သတ် အပစ်အခတ်ရပ်စဲရေးကြေညာချက်ကို အစိုးရက ပယ်ချပြီးနောက် ဂျက်ဖနာ၊ဘာဘူရာပိုလွန်နာဘူးဝါ၊မန်နာနှင့် မူလိုင်တီဗူခရိုင်များတွင်တိုက်ပွဲများဖြစ်ပွားရာ သုံးရက်ကြာခဲ့ပြီဖြစ်သည်။သီရိလင်္ကာအစိုးရတပ်ဖွဲ့များသည် ကျားသူပုန်များ၏ အခိုင်အမာခြေကုပ်ယူထားသော မြောက်ပိုင်းနယ်မြေများကို တဖြည်းဖြည်းချင်း ပြန်လည်သိမ်းယူသည့် မဟာဗျူဟာကို ဆက်လက်ကျင့်သုံးလျက်ရှိကြောင်း သိရသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ကြေးမုံ The Mirror အင်တာနက် ထူးခြားသတင်း

ကနေဒါက ရှင်မွေးလွန်း ၁၈ ယောက်မြောက် ကလေးမွေးဖွား

အက်ဘော့စဖို့ (ဗြိတိသျှကိုလံဘီယာ) ဇူလိုင် ၂၉

ကနေဒါနိုင်ငံ ဗြိတိသျှကိုလံဘီယာတွင် ရွှေ့ပြောင်းနေထိုင်သူ အသက်(၄၄)နှစ်ရှိ ရိုမေးနီးယားလူမျိုး အမျိုးသမီးတစ်ဦးသည် ၁၈ ယောက်မြောက် ကလေးတစ်ဦးကို မွေးဖွားလိုက်ရာ အနှစ် ၂၀ အတွင်း ယင်းဒေသ၏ ကလေးအများဆုံးမွေးဖွားသော မိခင်အဖြစ် စာရင်းဝင်သွားသည်။

ဂုဏ်ယူဝင့်ကြွားနေသော ခင်ပွန်းဖြစ်သူ အလက်ဇန္ဒြူလောင့်စ်က သူ၏ဇနီး လီဗီယာသည် ဇူလိုင် ၂၂ရက်က ကလေးတစ်ဦးဖွားမြင်ကြောင်း၊ သမီးလေးဖြစ်ပြီး ၇ ပေါင်နှင့် ၁၂အောင်စရှိကြောင်း ပြောကြားသည်။

"ကျွန်တော်တို့ဟာ ကလေးဘယ်နှစ်ယောက်ယူမယ်လို့ ဘယ်တုန်းကမှ အစီအစဉ်မလုပ်ဘူး၊ ခင်ဗျားသိတဲ့အတိုင်း ကျွန်တော်တို့ဟာ ဘုရားသခင်၏ အလိုအရ နေကြရတာ၊ လူ့ဘဝဆိုတာ ဘုရားသခင်ဆီက လာတယ်လို့ မမှိတ်မသုံ ယုံကြည်လို့ ဘယ်တော့မှ လူ့အသက်တစ်ချောင်းကို မပိတ်ပင်ဘူး" ဟု အလက်ဇန္ဒြူလောင့်စ်က ပြောသည်။

အဆိုပါ ဇနီးမောင်နှံသည် ၁၉၉၀ ပြည့်နှစ်က ရိုမေးနီးယားနိုင်ငံမှ ကနေဒါနိုင်ငံသို့ ရွှေ့ပြောင်းလာခဲ့သည်။ ယခုအခါ အက်ဘော့စဖို့တွင် နေထိုင်လျက်ရှိသည်။ ၎င်းတို့တွင် သားသမီး ၁၈ဦးရှိရာ မိန်းကလေး ၁၀ဦးနှင့် ယောကျ်ားလေး ရှစ်ဦးဖြစ်သည်။ နို့ညှာကလေးမှာ လ ၂၀ ရှိပြီး အကြီးဆုံးမှာ ၂၃ နှစ်ရှိပြီဖြစ်သည်။ ***အင်တာနက်။***

၁၈ ယောက်မြောက် ကလေးကို ချီထားသော မိခင် လီဗီယာ၊ နို့ညှာကလေးအား ချီထားသော ဖခင် အလက်ဇန္ဒြူတို့အား သားသမီးများနှင့်အတူ တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဟေတီယာဉ်တိုက်မှု ၃၂ ဦး သေဆုံး

ပိုတိုပရင့်စ် ဇူလိုင် ၂၉

ဟေတီနိုင်ငံတောင်ပိုင်းဒေသတွင် လူအများအပြား တင်ဆောင်လာသည့် ထရပ်ယာဉ်တစ်စီးသည် ဘရိတ်ပေါက်ပြီး ရှေ့မှ ယာဉ်သုံးစီးကို ဝင်တိုက်ခဲ့ရာ အမျိုးသမီးနှင့် ကလေးငယ်များအပါအဝင် ၃၂ဦး ထက်မနည်း သေဆုံးကြောင်း တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။

အင်တာနက်။

လေဘေးသင့်ပြည်သူများအတွက် လှူဒါန်းကြရာတွင် -

- မည်သူမဆို လွတ်လပ်စွာ လှူဒါန်းနိုင်ပါသည်။
- မည်သူ့ထံကိုမဆို မည်သည့်ဒေသ၌မဆို လှူဒါန်းနိုင်ပါသည်။

သို့ရာတွင် စနစ်တကျမရှိသော လှူဒါန်းမှုမျိုးနှင့် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို ထိခိုက်စေသော အပြုအမူများကိုမူ ရှောင်ရှားကြပါရန် နှိုးဆော်အပ်ပါသည်။

* ပြည်တွင်း၊ ပြည်ပ ဆန့်ကျင်ဘက်များနှင့် အတ္တသမား၊ မသမာသူများသည် လေဘေးကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ မမှန်မကန် လုပ်ကြံသတင်းများ ဖန်တီးလျက် ဗီဒီယိုရိုက်ကူးပြီး ပြည်ပသတင်းဌာနများသို့ ပေးပို့ကာ ကိုယ်ကျိုးရှာလျက် ရှိကြသည်။
* လေဘေးသင့် ပြည်သူများအနေဖြင့် အတ္တသမား၊ မသမာသူများ၏ မသမာသော သွေးဆောင်မှုများကို အမျိုးသားရေးစိတ်ဓာတ်ဖြင့် သတိထားရှောင်ရှားကြရန် နှိုးဆော်အပ်ပါသည်။

☆ မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင်လုပ်နေသည်

☆ BBC ညာနေသည်

VOA လိမ်နေသည်

RFA ရန်တိုက်ပေးနေသည်

☆ အဲဒီ ကုန်းချောသွေးထိုးသူများ မယုံလေနဲ့ သတိထား

သုံးပွင့်ဆိုင်ဗဟိုအဖွဲ့ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးကျော်သူ ဦးဆောင်သော လေ့လာရေးအဖွဲ့ ဧရာဝတီတိုင်း လေဘေးသင့်ဒေသများ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ လေ့လာ

ရန်ကုန် ဇူလိုင် ၂၉

သုံးပွင့်ဆိုင်ဗဟိုအဖွဲ့ ဥက္ကဋ္ဌ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ ဦးဆောင်၍ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ စစ်သံမှူးများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ အပြည်ပြည်ဆိုင်ရာ လူမှုရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်း ဥက္ကဋ္ဌနှင့် အသင်းဝင်သတင်းထောက်များ စုစုပေါင်း ၁၄၈ ဦးတို့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ ရဟတ်ယာဉ်ခြောက်စင်းဖြင့် အဖွဲ့သုံးဖွဲ့ခွဲကာ ဧရာဝတီတိုင်းအတွင်းရှိ လေဘေးသင့်ဒေသများသို့ သွားရောက်ကြပြီး ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ရှေးဦးစွာ လေ့လာရေးအဖွဲ့(၁)သည် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှရဟတ်ယာဉ်နှစ်စင်းဖြင့် ထွက်ခွာလာကြရာ ဧရာဝတီတိုင်း လပွတ္တာမြို့သို့ နံနက် ၉ နာရီတွင် ရောက်ရှိကြသည်။

ထို့နောက် လေ့လာရေးအဖွဲ့ဝင်များအား လပွတ္တာမြို့ရှိ ဘုရင့်နောင်ရိပ်သာ၌ မြောင်းမြခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအေးဟန်က လပွတ္တာမြို့သို့ မုန်တိုင်းဝင်ရောက်တိုက်ခတ်မှုနှင့် ပျက်စီးဆုံးရှုံးမှု အခြေအနေ၊ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်မှု အခြေအနေ၊ရိက္ခာ၊ မျိုးစပါး၊လက်တွန်း လယ်ထွန်စက်နှင့် ခိုင်းကျွဲ၊ ခိုင်းနွားများ ဖြည့်ဆည်းပံ့ပိုးပေးမှု အခြေအနေ၊ လယ်မြေများ ထွန်ယက်စိုက်ပျိုးပြီးစီးမှု အခြေအနေတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး လေ့လာရေးအဖွဲ့ဝင်များ၏ သိလိုသည်များကို ပြန်လည်ဖြေကြားသည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့ ✧

ဧရာဝတီတိုင်းတွင် မိုးစပါးကေ ၃ ဒသမ ၆ သန်း စိုက်ပျိုးပြီးဖြစ်

ရန်ကုန် ဇူလိုင် ၂၉

ဧရာဝတီတိုင်းတွင် ဇူလိုင် ၂၉ ရက်အထိ မိုးစပါးဧက ၃ ဒသမ ၆ သန်း စိုက်ပျိုးပြီးဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သုံးပွင့်ဆိုင်ဗဟိုအဖွဲ့ဥက္ကဋ္ဌနိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ စစ်သံမှူးများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ အပြည်ပြည်ဆိုင်ရာ လူမှုရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းဥက္ကဋ္ဌနှင့် အသင်းဝင် သတင်းထောက်များ ပါဝင်သောလေ့လာရေးအဖွဲ့ဝင်များ ဒေးဒရဲမြို့အမှတ်(၂)ရပ်ကွက် မြကန်သာကွက်သစ်၌ လေဘေးသင့် ပြည်သူများအတွက် လူနေအိမ်များ တည်ဆောက်ထားမှုကို ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

ကြေးမုံ The Mirror

ယနေ့ဆောင်းပါးအညွှန်း

နှင်းဦးခင်၏

"မှားနေလျှင် ပြင်ရုံသာ"

(ဆောင်းပါး) စာမျက်နှာ - ၆